# ပင်းကျောင်မြို့စော
# ဩဘွင်းမှု ဘယ်ဆိုဘက်ပါနဲ့

ကျေးလက်ဝတ္ထုတိုများ

mgyoe.com SAMPLE BOOK



mgyoe.com SAMPLE BOOK



"ဗိုင်းတောင့် ချည်ခင်၊ ချည်ငင် ချားရစ်၊ လွန်းပစ် လွန်းဖမ်း၊ ရက်ကန်းစင်သုံး၊ ဆိုထုံး ရက်ဖောက်၊ နှစ်ကောက် တိုင်ချည်၊ ဖောက်ချည် နှစ်ရိုး၊ မည်မျိုးစုံလှ၊ ရက်ကန်းစင် တွင်နာမကို၊ မေ့မရနော်"

ဆန်းလွင်(မြန်မာစာ)

# ရွှေလွှမ်းပျံ ဘယ်ညာခတ်ပါလို့

ကျေးလက်ဝတ္ထုတိုများ

ရွှေလွှန်းပျံဘယ်ညာခတ်ပါလို့
9 782023 000335

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com

SAMPLE BOOK

# ရွှေလွန်းပျံ ဘယ်ညာခတ်ပါလို့

## (ကျေးလက်ဝတ္ထုတိုများ)

လင်းရောင်နီ၊ စဘော၊

Facebook Page - Sar Yelk Myaing – စာရိပ်မြိုင်စာပေ
Email - saryelkmyaing@gmail.com
Phone - 09420363226

mgyoe.com

mgyoe.com
SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၃၃)

# ပုံနှိပ်မှတ်တမ်း



## လင်းရောင်နီ၊စဘော၊

## ရွှေလွှန်းပျံ့ ဘယ်ညာခတ်ပါလို့ (ကျေးလက်ဝတ္ထုတိုများ)

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ မေလ

မျက်နှာဖုံးဒီဇိုင်း ♦ ဗဂျီလင်းဝဏ္ဏ

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၇၀၀

စာအုပ်တန်ဖိုး ♦ ၆၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မြိုးမြိုးသန့်(မြိုးမြိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၇၊ ၀၉ ၈၈၅၀၂၀၀၆၇၊ ၀၉ ၂၆၅၀၂၀၀၆၇

လင်းရောင်နီ(စဘော)
ရွှေလွှန်းပျံ့ ဘယ်ညာခတ်ပါလို့ / လင်းရောင်နီ(စဘော)။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၁၉၂၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၃၃) ရွှေလွှန်းပျံ့ ဘယ်ညာခတ်ပါလို့

mgyoe.com

mgyoe.com SAMPLE BOOK

## ၂၀၂၂ ခုနှစ်အတွင်း ထွက်ရှိပြီးသော စာအုပ်များ

၁
**ပျိုး**
အညာရယ် အလွမ်းရယ် မိချောရယ်





၆
**မိုင်ရာ**
တရွှေညရဲ့ သန်းခေါင်ယံ

၂
**မယ်စု**
အချစ်ဦးရဲ့ ဂျင်းဂျက်ကတ်လေး





၇
**မိုးစက်ငြိမ်း**
စိတ်အတွက် ဖတ်စာ


၃
**နိုင်းနိုင်းစနေ**
နောက်ဆုံးနတ်သူငယ်






၈
**လူခါး**
ဦးအောင်သင်းကို မော့ကြည့်ခြင်း

၄
**လင်းရောင်နီ(ဝေဘာ)**
ရိုးရာနှင့် အညာဓလေ့ဝတ္ထုတိုများ





၉
**နိုင်းနိုင်းစနေ**
တစ်သက်တာအဖော်

၅
**တင်မောင်မြင့်**
အချစ်ရိုင်းရဲ့ အရိုင်းချစ်





၁၀
**ခင်သန္တာ**
မလွန်ခင်လေး လွမ်းရအောင်

mgyoe.com

mgyoe.com
SAMPLE BOOK

## ၂၀၂၂ ခုနှစ်အတွင်း ထွက်ရှိပြီးသော စာအုပ်များ

၁၁

**ဆွေဇင်နေမင်း**
ခေါင်မိုးများ







၁၄

**ခင်မြဇင်**
ဆည်းဆာချိန် တိမ်နီများ

၁၂

**ဝါဝါတင့်ဆွေ**
အက်ဒ်ဒီ







၁၅

**ရှူးရှမေ**
ခွင့်လွှတ်ခြင်းဖြင့် လွတ်မြောက်ခြင်း

၁၃

**နေထွန်းလင်း**
ငါ့ဘဝအတွက် ငါ လုပ်နိုင်တယ်





၁၆

**နဒီလင်းသစ်၊ဆေး-၂**
အိမ်ထောင့်သုခ



၁၇

**ရွှေဥဒေါင်း**
ပထမ ဆရာသိန်း

mgyoe.com


mgyoe.com SAMPLE BOOK

စာရိပ်မြိုင်

## ၂၀၂၃ ခုနှစ်အတွင်း ထွက်ရှိပြီးသော စာအုပ်များ

**၁၈**
**နိုင်းနိုင်းစနေ**
နှလုံးသားနက်နက်မှာ ပွင့်တဲ့ ပန်း





**၂၃**
**ညိုလေးငယ်**
အဝါရောင် ကောင်းကင်

**၁၉**
**ကိုလေးမြတ်**
ကားဂိတ်





**၂၄**
**ပျိုး**
ဖယောင်း ဥယျာဉ်

**၂၀**
**လင်းရောင်နီ(စဘေး)**
ဒေါင်းမြရိ






**၂၅**
**သက်ပိုင်မြန်မာပြန်**
သမီးရတနာ


**၂၁**
**ရွှေဥဒေါင်း**
စစ်ရှုံးသူ






**၂၆**
**နိုင်းနိုင်းစနေ**
ပျော်ရွှင်ဖို့
ဒီလောက် မခက်ခဲပါစေနဲ့

**၂၂**
**နိုင်းနိုင်းစနေ**
နေကြာပန်းလေးတစ်ပွင့်လို
ပြုံးပါ





**၂၇**
**ထက်ဘုန်းရှိန်**
မင်းရဲ့
ကိုယ်ပိုင်ပုံစံလေးအတိုင်းသာ

mgyoe.com

mgyoe.com SAMPLE BOOK

## ၂၀၂၃ ခုနှစ်အတွင်း ထွက်ရှိပြီးသော စာအုပ်များ

၂၈

**နိုင်းနိုင်းစနေ**

မသွားရရင် သေနိုင်တယ်






၂၉

**ဒေါက်တာအောင်ဆေး-၂**


အတွေးတို့၏ ဆွဲငင်အား



၃၀

**သစ်ခက်အိမ်**


ဘာညာကွိကွ



၃၁

**ဝေ၊စီးပွားရေးတက္ကသိုလ်**

ဆူးပယ်လက်



၃၂

**ညို့ထွန်းလူ**

ငါတို့ ရှာပြန်ကြရအောင်



၃၃

**လင်းရောင်နီ၊စတော**

ရွှေလွန်းပျံ့ ဘယ်ညာခတ်ပါလို့

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ♦ | အမှာစာနှင့် ပန်ကြားလွှာ | ၈ |
| ၁။ | နွေးရိပ် | ၁၂ |
| ၂။ | သမုဒယသစ္စာ | ၂၅ |
| ၃။ | အိပ်တန်း | ၃၇ |
| ၄။ | ရွှေလွှန်းပျံ့ ဘယ်ညာခတ်ပါလို့ | ၅၃ |
| ၅။ | ကျောင်းကြီးပျော် | ၆၈ |
| ၆။ | မြေစာ | ၈၄ |
| ၇။ | အသွားပုံ့ လွှတစ်စင်း | ၉၅ |
| ၈။ | ဇာတ်ရှူး | ၁၀၇ |
| ၉။ | နတ်အိုးကွဲ | ၁၂၄ |
| ၁၀။ | ဆုံလည် | ၁၃၆ |
| ၁၁။ | မေတ္တာစွဲ | ၁၅၄ |
| ၁၂။ | သယောင်းနွယ် | ၁၆၇ |
| ၁၃။ | ညချမ်းရယ်နေရီ | ၁၇၉ |


mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစာနှင့် ပန်ကြားလွှာ

*“(ရွှေချည်ငွေချည် တန်းပါလို့xxx ရက်ကန်းကိုဆင် တန်းကိုဆင်)xxx (ဘယ်သူ ဘယ်သူ ဝင်ကာသွားxxxချည်ခင်ထွေး)xxx ရှင်းနိုင်ပ့ါမရှင်xxx ရှင်းနိုင်ပ့ါမရှင်xxx”*

မြန်မာမှု မြန်မာ့ဟန် သရုပ်ဖော် အဖွဲ့အနွဲ့များကို ကျွန်တော် အလွန်တရာ မြတ်နိုးပါသည်။ မြန်မာသံ မြန်မာသီချင်းများကိုလည်း အန်မတန် စွဲလမ်းပါသည်။ ကျွန်တော်သည် ယနေ့ခေတ်၏ လူငယ်တစ်ယောက်ဆိုသည့်တိုင် ရှေးအဆိုတော်ကြီးများ၏ သီချင်းကြီး သီချင်းခံ့များကိုသာ ခံတွင်းတွေ့လှ၏။ ခေတ်ရေစီးကြောင်း၏ တိုးဝင်တိုက်စားမှုကြောင့် မှိန်ပျပါးလွှာ ရေးရေးသာ ထင်ကျန်တော့သည့် မြန်မာသံ မြန်မာသီချင်းတို့သည် လူငယ်တို့နားနှင့် ကင်းလာပြီဖြစ်သကဲ့သို့၊ လူငယ်တို့ နှလုံးသားနှင့်လည်း ကွာဟလာခဲ့ပြီဖြစ်သည်။

အများစုသော လူငယ်တို့၏ ပါးစပ်ဖျားဆီဝယ် ခေတ်ပေါ်တေးဂီတ ဒိုးဒိုးဒန့်ဒန့်တို့သည်သာ စွဲမက်နေရာယူလာခဲ့ကြပြီ။ အထူးသဖြင့် မြန်မာဆန်သော နားဝင်ပီယ တေးဂီတတို့သည်ကား မြို့ပြနှင့် ကင်းသထက် ကင်းလာကာ အညာကျေးလက် ဒေသဆီမှာသာ အနည်တင်ကျန်ရစ် နုန်းမြေဆီဖြစ်ခဲ့ကြလေပြီ။ သို့ကြောင့် အများစုသည် မြန်မာသံဟု ဆိုလိုက်သည်နှင့် အညာကြိုက်တေး၊ ကျေးလက်ကြိုက် သံစဉ်အဖြစ်သာ လက်ခံလာကြတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်အဖို့မှာကား အညာသားပီသစွာပင် "အညာပေ့" ဟု ဆိုလိုက်သည်နှင့် မြန်မာသံ သီချင်းများကိုသာ ယဉ်ယဉ်ငြိမ့်ငြိမ့်ကလေး ကြားယောင် ခံစားမိသကဲ့သို့ အညာ့ပုံရိပ် အညာ့ဂုဏ်ဒြပ်များဖြစ်သည့် တမာ, ထနောင်း၊ ရှားစောင်း, ထန်းပင်၊ လှည်းယာဉ်, ရက်ကန်း၊ နွေရေချမ်းစင်တို့ကိုသာ ပြေးမြင်မိသည်။ ယင်းတို့သည် အညာ့နိမိတ်၊ အညာ့ပြယုဂ်များ ဖြစ်ကြသည်။ အညာ့သည်းခြေ၊ အညာ့သင်္ကေတဟုလည်း ဆိုနိုင်သည်။ အညာသူ အညာသားမှန်လျှင် ယင်းပုံရိပ်တို့ကို မြင်လိုက်မိသည်နှင့် အညာကို လွမ်းကြသူချည်း။ အညာကို တမ်းတသူချည်း။

သည်အထဲကမှ ကျွန်တော့်ငယ်ဘဝတွင် မီသည်ဆိုရုံလေး မီခဲ့သည်က မြန်မာ့လက်ရက်ချည်ထည်များ ရက်လုပ်သည့် ရက်ကန်းစင်များပင်ဖြစ်၏။ မှေးမှိန်စပြုခဲ့ပြီဖြစ်သည့် ဝါကြိတ်, ဝါဖန်, ဗိုင်းငင်, ချည်သေ့အလုပ်၊ တိမ်ကောပျောက်ကွယ်စပြုလာသည့် ချည်စာနင်း, ဆေးဆိုး, နှပ်ဖောက်, တိုင်ချည်, ရက်ကန်းရှယ် ရက်ခန်းခတ်အလုပ်တို့ကို မကင်းရုံသာ မြင်လိုက်ဖူးသည်။ လွန်းပစ်, လွန်းဖမ်းနှင့် လက်ခတ်သံ ဒေါင်ဒင်တို့ကိုလည်း မလွတ်ရုံသာ ကြားဖူးလိုက်၏။ ကျွန်တော်တို့ဒေသ၏ ရက်ကန်းစင် ခေတ်နှောင်းကာလကို နောက်ဆုံးမီခဲ့ကြသူများမှာ ကျွန်တော်တို့အရွယ်များပင် ဖြစ်သည်ဟုဆိုရလျှင် လွန်အံ့မထင်။ သို့သော် အမြင် တခဏ၊ အကြား တဒင်္ဂဆိုသော်လည်း ယင်းအရာများကို ကျွန်တော် မမေ့နိုင်ပေ။ ရိုးရာဓလေ့နှင့် မြန်မာမှုကိုမြတ်နိုးသည့် ကျွန်တော်၏ မသိစိတ်ဝယ် ထိုတဒင်္ဂများသည်ပင် ထာဝရ စွဲထင်နေခဲ့ပါသည်။

ရက်ကန်းစင်ကို မြင်မိသည်နှင့် လက်ခတ်သံသီချင်းလေးကို အလိုလိုကြားယောင်မိသကဲ့သို့ လက်ခတ်သံသီချင်းလေးကို ကြားမိသည်နှင့် ငယ်ဘဝကို ပြန်လည်အောက်မေ့ လွမ်းဆွတ်ရသည်သာ။ ထို့ကြောင့်လည်း "ရွှေလွန်းပျံ ဘယ်ညာခတ်ပါလို့"၊ "အလွမ်းကွန်ရက်" ဟူသော ရက်ကန်းစင်နှင့် ပတ်သက်သည့် ဝတ္ထုတိုလေး နှစ်ပုဒ်ကို ဖန်တီးရေးဖွဲ့ဖြစ်ခဲ့သည်။ သို့သော်လည်း "အလွမ်းကွန်ရက်" စာမူကိုကား ယခုစာအုပ်ထဲတွင် ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ "ရွှေလွန်းပျံ ဘယ်ညာခတ်ပါလို့" ကိုသာ ထည့်သွင်းထားပါသည်။

ကျွန်တော်၏ ဝတ္ထုတိုလေးအားဖြင့် ရက်ကန်းပညာ၏ အနုစိပ်ပုံ၊ ခက်ခဲနက်နဲပုံ၊ နှစ်သက် မြတ်နိုးဖွယ်ကောင်းပုံ၊ တန်ဖိုးထား ဂုဏ်ယူအပ်ပုံတို့ကို ဖော်ပြနိုင်စွမ်းမည် မဟုတ်ပါ။ သို့ရကား မြန်မာမှုကို ချစ်မြတ်နိုးသူတစ်ဦး၏ မြန်မာဆန်ဆန် အရေးအသားနှင့် အညာဓလေ့ အညာအငွေ့ ထင်ဟပ်အောင် မှုန်းချယ်တွင်ပြ

mgyoe.com

mgyoe.com SAMPLE BOOK

ထားသည်ကိုမူ အထိုက်အလျောက် ဖတ်ရှုခံစားရမည်ဟု ယုံကြည်ပါသည်။

ရှေးမြန်မာကြီးများသည် ဝါပင်နီ ကွက်ဆန်းလှ၊ ရက်ကန်းကျ ချည်ထည်လေးတွေကိုသာ မက်စက်ကြသည်။ တခုတ်တရ ဝတ်ဆင်ကြသည်။ အရေးတယူဆင်မြန်းကြသည်။ တမြတ်တနိုး တန်ဖိုးထားကြသည်။ မြန်မာ့လက်ရက်ချည်ထည်အကြောင်းကို စာတစ်တန် ပေတစ်ဖွဲ့ဖြင့် တလေးတစား ဖွဲ့နွဲ့ကြသည်။ သံစဉ်သဖွယ်လင်္ကာခြယ်၍ သီကျူး ဆိုမြည်ကြသည်။

"ဖျင်ပင်နီ တိုက်ပုံလေးနဲ့ ဂိုက်စုံပေးတဲ့ ကိုအဝ့ါ။ ပျိုကညာ အိမ့်ရှေ့နောက်၊ ခေါက်တုံ့လူးလာ။ ဖူးစာရေး ကြိုးပမ်းကာ၊ ပိုးပန်းစာ လျှောက်သံပေး။ အလို ခွေးဟောင်၊ ပျိုလေးမောင် အမြင်ကပ်တယ်၊ ရှူးတိုက်လို့ ပြေး"

ချည်မျှင်ရှည်ဝါပင်နီ ဖျင်တိုက်ပုံအင်္ကျီကို ဝတ်ဆင်ပြီး၊ ပျိုလေးအိမ်ရှေ့ ချောင်းပေါက်မတတ် လျှောက်ပြန်သံပေးရင်း ပိုးပန်းရသည့် ကိုလူပျို။ သို့သော်လည်း ပျိုလေး၏ အစ်ကိုက ခွေးနဲ့ရှူးတိုက်သဖြင့် အပြေးပြန်ခဲ့ရပုံ။ ခြေအေးဝမ်းရောင်သာ အဖတ်တင်ပုံတို့ကို ဟာသရသလေးနှောပြီး ဖွဲ့နွဲ့ထားပုံတို့မှာ ချစ်စရာကောင်းလှသည်။ ဝါဂွမ်းအစ အထည်အဆုံး ရွာဖြစ်ရွာလက်ရာ ရက်ကန်းကျ ချည်ထည်ကိုသာ တမက်တမော ဝတ်ဆင်တတ်ကြပုံတို့ကို တွေ့ရသည်။

ကျွန်တော့်အမှာစာတွင် ဤသို့ ရှည်လျားထွေပြားစွာ ရက်ကန်းစင်ကို မွှန်း၊ ရက်ကန်းထည်ကို ဂုဏ်တင်နေသဖြင့် ရည်ကန်းအကြောင်းချည်းလား ဆိုတော့လည်း မဟုတ်ပါ။ ဝတ္ထုတို တစ်ဆယ့်သုံးပုဒ်အနက် ရက်ကန်းစင်နှင့် ပတ်သက်သည်မှာ တစ်ပုဒ်တည်းသာ ပါပါသည်။ ယင်းသည်ပင်လျှင် ရက်ကန်းအသားပေးဝတ္ထုမဟုတ်ပါ။ အရိပ်အမြွက် အငွေ့အသက်လေးမျှသာ ထိတို့ထားသည့် ကျေးလက်နောက်ခံ ဝတ္ထုတိုကလေးသာ ဖြစ်ပါသည်။ အခြား တစ်ဆယ့်နှစ်ပုဒ်သည်လည်း အညာဓလေ့ အညာစရိုက်၊ ကျေးလက်သဘာဝ ကျေးလက် ပသာဒတို့ဖြင့် ရေးဖွဲ့ဖန်တီးထားသည့် ဇာတ်အိမ်များသာ ဖြစ်ပါသည်။

အထူးသဖြင့် ဇရာဖိစီး ပြန်ချိန်နီးသည့် သက်ကြီးရွယ်အို အညာသူအညာသားကြီးများ၏ ဘဝသရုပ်ဖော်များပင် ဖြစ်၏။ ဇာတ်လမ်း အကြောင်းအရာများသည် စိတ်ကူးစိတ်သန်းဖြင့် တမင်ဖန်တီးယူထားသည်လည်း မဟုတ်ပါ။ ကျွန်တော့် ပတ်ဝန်းကျင်မှ လက်တွေ့ဘဝဖြစ်စဉ်များကို ဝတ္ထုသဖွယ် မှုန်းခြယ်တင်ပြထားခြင်းသာ ဖြစ်ပါသည်။ ဝတ္ထုတို တစ်ပုဒ်ချင်းစီတိုင်းတွင် အညာသူ အညာသားကြီးများ၏ ဖြောင့်စင်းသည့် သဘော, ပွင့်လင်းသည့် အပြောတို့ကို ခံစားရမည့်အပြင်

mgyoe.com

mgyoe.com SAMPLE BOOK

သံယောဇဉ် အတိမ်အနက်၊ မေတ္တာအတိုင်းအဆတို့ကို မြတ်နိုးဖွယ်, ချစ်ခင်ဖွယ်, သနားကရုဏာသက်ဖွယ်, သံဝေဂရဖွယ် ဖတ်ရှုခံစားရပေလိမ့်မည်။

နောက်ဆုံးအနေဖြင့် ကျွန်တော်၏ ဝတ္ထုတိုများသည် ကျွန်တော်တွေ့မြင်ကြားသိခဲ့ဖူးသည့် ဘဝသရုပ်များကို ဝါသနာဗီဇအရ ရသဝတ္ထုတိုအဖြစ် ဖန်တီးတင်ပြမှုများသာ ဖြစ်ပါသည်။ စာရေးခြင်း အတတ်ပညာကို တတ်သိ နားလည်လွန်း၍ ရေးသားခြင်း မဟုတ်ရပါ။ ဖြစ်လေ့ဖြစ်ထရှိသည့် လောကဖြစ်စဉ်များနှင့် စာဖတ်သူတို့၏ ခံစားမှုနှလုံးသားများအကြား ကျွန်တော်၏ ရေးဖွဲ့မှုစွမ်းပကားဖြင့် ပေါင်းကူးတံတားတစ်စင်း ထိုးပေးခြင်းမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်၏ အရေးအသားအပေါ်တွင် သဘောမတွေ့နိုင်စရာ အပြစ်အနာအဆာများပါခဲ့လျှင် ခွင့်လွှတ်နားလည်ပေးကြပါဟု ပန်ကြားလိုက်ရပါသည်ခင်ဗျာ။

*နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။*

လင်းရောင်နီ(စဘော)

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# နွေးရိပ်

"ကိုင်းအေ။ လာတုန်းကလည်း လာခဲ့ပြီ။ ပြန်ချိန်တန်တော့လည်း ပြန်ရပေဦးမပေါ့။ တို့များက အသက်ကြီးလှပြီ။ ညည်းတို့သာ တစ်နှစ်တစ်ခါ မှန်မှန် လာခဲ့ကြအေ့"

တူမဖြစ်သူ မငွေအိုးတို့မိသားစုကို အမေညာနှုတ်ဆက်လိုက်တယ်။ ပြီးခဲ့တဲ့ တပို့တွဲလထဲက ရွာကို မငွေအိုးတို့မိသားစု အလည်ပြန်လာကြရင်း၊ အမေညာကို တစ်လကိုးသီတင်းဖြစ်ဖြစ် လားရှိုးမြို့ကို လိုက်ခဲ့စမ်းပါဆိုလို့ အမေညာ လိုက်ဖြစ်ခဲ့တာရယ်။ ရွာမှာ အတွယ်အတာမရှိတာလည်း ပါတာပေါ့။ အတွယ်အတာ မရှိဘူးသာ ပြောရတာပါ။ အမေညာကဖြင့် ရွာကို လွမ်းလိုက်သမှ။ ဘယ်သူ့ရယ် ဘယ်ဝါ့ရယ်လို့ အမည်မတပ်နိုင်ပေသိ၊ လွမ်းလိုက်သမှ ရွာမှာကျန်ခဲ့တဲ့ သက်ရှိသက်မဲ့ အားလုံးကို လွမ်းသပတော်။

မယ်ပိန်တို့ဝိုင်းထဲက မောင်းဆုံကြီးကိုလည်း လွမ်းပ့ါ။ မနက်တိုင်းတွန်နေကျ ရွာ့နှိုးစက်ဖြစ်တဲ့ ဖိုးဘသော်အိမ်က ကြက်ဖကြီးကိုတောင် လွမ်းလိုက်သေးရဲ့။ အိမ်က ငါ့ကြေးကွမ်းအစ်ကြီးတော့ ဖုန်အလိမ်းလိမ်းကပ်နေလောက်ပြီလို့တောင် အောက်မေ့ပြန်သေးရဲ့။ အခုတော့ အမေညာ ရွာပြန်ရတော့မှာမို့ ပျော်နေမိတယ်။

"ညည်းတို့ခေါ် လို့သာ လိုက်ရအေ။ မိညာတို့က ရွာ့အရိပ် ရပ်အရိပ်လောက်

mgyoe.com

mgyoe.com
SAMPLE BOOK

တော့ ဘယ်အရိပ်မှာမှ မပျော်ပေါင်။ ရှူရတဲ့လေကိုက ကွာလှသအေ့။ ဆီနံ့လိုလို ညှော်နံ့လိုလို လေတွေကိုရှူရတာများ ရင်ခေါင်းထဲတောင် အော့နှလုံးနာလှပါရဲ့။ ရွာတောင်ဘက် ဆေးပျိုးအိုင့်ကွင်းဘက်ကလာတဲ့လေကိုပဲ မက်မက်စက်စက် ရှိုက်လိုက်ချင်သာအေ့။ ဟော သောက်ရေများကျတော့လည်း ပေါ့လိုက်ပျက်လိုက်သမှ လေတံခွန်က အဖေခေါ် ရလောက်တယ်"

အမေညှာဆိုသည်မှာ ဒီလိုရယ်။ အင်မတန် ရွာစိတ်ရပ်စိတ် ကြီးတဲ့ မိန်းမအိုကြီးပေ့ါ။ မငွေအိုးတို့ကတော့ "အရီးနှယ့်တော်. . . ရောက်တုန်းရောက်ခိုက်များ နေသွားပါဦးတော့လား" လို့ စတော့၊ အမေညှာက ငြင်းလိုက်သည်မှ ခါးခါးသီးသီးပါပဲ။ အခုလည်း ကြည့်ပ့ါလား သောက်ရေက ပေါ့လို့တဲ့။ ရေကိုတောင် လေတံခွန်နဲ့ ခိုင်းနှိုင်းလိုက်သေးတာ။

အမေညှာကိုသာ ပြောရတာပါ။ မငွေအိုးကိုယ်တိုင်လည်း သည်အရပ်သည်ဒေသမှာ ပျော်ပိုက်လှတယ်တော့ မဟုတ်ပေါင်။ ဝမ်းရေးအရမို့သာ ရေကြည်ရာမြက်နုရာမှာ နေရတာကိုး။ စိတ်ကဖြင့် အမေညှာလိုပါပဲ။ ရွာလေကို တစ်ဝရှိုက်လိုက်ရမှ၊ ရွာရေကို တစ်ကျိုက်သောက်လိုက်ရမှာကို အာသာပြေတယ် ထင်မိတာမျိုး။ လားရှိုးမှာက မချမ်းသာသည့်တိုင်အောင် လူစေ့အလုပ်စေ့ ရှိတာတစ်ခုတည်းနဲ့ ကိုယ့်ကျင်း ကိုယ့်အသိုက်ကို မေ့ထားရတာ။ ခင်ပွန်းသည် ကိုအောင်ကြိုင်ကစလို့ မငွေအိုးရော၊ သားသမီးတွေရောဟာ အလုပ်ကိုယ်စီရှိကြလေတော့ အနေအစားတော့ ချောင်ပါရဲ့။

"ကိုင်း. . . တားမရလည်း ပြန်ပေ့ါတော်။ ဘယ့်နှယ့်ကြောင့်များ အဲသလောက် ဝပ်ကျင်းကို ခင်တွယ်ရတယ့် မသိပေါင်။ တူတွေ တူမတွေရယ်လို့များ သံယောဇဉ်နည်းချက်က. . . "

မငွေအိုးက စကားနာထိုးတော့ အမေညှာကဖြင့် မလှုပ်ပေါင်။လက်သန်းလောက်ရှိတဲ့ ဆေးလိပ်ကလေးကို နှုတ်ခမ်းဝမှာတေ့ပြီး အခိုးချောင်းချောင်းထွက်အောင် ရှိုက်ချလိုက်တယ်။ အမေညှာ ဒီမှာနေရတာ အားမရလှတဲ့အထဲမှာ ဆေးလိပ်ကိစ္စလည်းပါပ့ါ။ ဘယ့်နှယ့်တော်။ ရွာမှာ တစ်တောင်တစ်ထွာခန့် ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီးတွေကို သောက်ခဲ့သမျှ၊ ဒီကျမှ တစ်ဆစ်တစ်တို သနပ်ဖက်ဆေးလိပ်တိုကလေးနဲ့ ပြီးရတယ်လို့ပဲ။

မိန်းမက ငါ့ကိုများ သံယောဇဉ် နည်းလှသလေး ဘာလေးနဲ့ ဆိုချေသေး။ မကောင်းတတ်လို့သာရယ်ပေ့ါ။

mgyoe.com

mgyoe.com SAMPLE BOOK

"သံယောဇဉ်ကြီးလွန်းလို့ကို ရွာကိုပြန်ချင်တာပေါ့" လို့တောင် မိညာတို့က အော်လိုက်ချင်စမ်းရဲ့။

❑

"မိန်းမတွေနှယ့်အေ။ ကြည့်ကျက် လုပ်ကြစမ်းပါဦးဟဲ့။ ဆွဲလိုက်လွဲလိုက်ကြတာများ ငါဖြင့် ညည်းတို့ဈေးဗန်းထဲ ဇောက်ထိုးကျရချေရဲ့။ တကတည်းမှတော်ဖိုင်းတာမတွေနှယ်။ သူ့အိုသူမရယ်လို့ ညာတာရကောင်းမှန်းကို မသိကြဘူး"

ဇာတ်လမ်းက မန္တလေး ကားကွင်းထဲအရောက်မှာ စပြီ။ ထိုးမုန့်သည်၊ ရှူဆေးသည်၊ ငုံးဥပြုတ် ကြက်ဥပြုတ်သည်၊ ချဉ်ပေါင်းသည်၊ အထည်သည်တွေက ကားမှန်ပြတင်းနားထိုင်နေတဲ့ အမေညာကို အတင်းဆွဲကာ ဝယ်ဖို့အားပေးဖို့ အလုအယက် ရောင်းကြတာကိုး။ အမေညာနဲ့အတူပါလာတဲ့ ကျော်မင်းကတော့ ကားပြောင်းကားလွဲမို့ အထုပ်တွေကို ကူသယ်ခေါက်သယ်နဲ့ ကားပြောင်းတင်နေရှာတာကြောင့် အမေညာကို ဘယ်အာရုံရောက်နိုင်လိမ့်မတုံး။

မငွေအိုးက အမေညာ့ကို ကျော်မင်းရွာအပြန်နဲ့ ကြုံတုန်းမို့ သေချာအပ်ကာ ထည့်လွှတ်လိုက်တာရယ်။ ကားက လားရှိုးကနေ မန္တလေးတစ်ဆင့်၊ မန္တလေးကနေ မြစ်ခြေတစ်ဆင့် စီးရမှာကိုး။ မြစ်ခြေကနေမှ ရွာဘက်အထိ လှည်းကြုံရင် လှည်းနဲ့၊ ထော်လာဂျီကြုံတော့ ထော်လာဂျီနဲ့ ကူးရမှာပေါ့။ ကျော်မင်းကလည်း အမေညာ့ကို ဂရုစိုက်ရှာပါရဲ့။ ကားအပြောင်းမှာ အမေညာ့ကို ရတဲ့ခုံမှာ ထိုင်ခိုင်းခဲ့ပြီး အသယ်အပြု အချအတင် သူပဲလုပ်နေရှာတာရယ်။

"ဝယ်သွားစမ်းပါ အရီးရဲ့။ ထိုးမုန့်လေးတွေများ အိစက်နေတာတော့။ ရွာရောက်တော့ အရီးမစားချင်လည်း ဘုန်းကြီးကျောင်းဖြစ်ဖြစ်လှူပေါ့။ ဟောဒီမှာ မြည်းကြည့်စမ်းပါဦး။ မုန့်သားများ ညက်ချက်ကတော့။ အရီးတို့လို သွားမရှိတော့တဲ့ အရွယ်တွေနဲ့လည်း အကိုက်ပါတော်"

"ကားမူး ကားနောက်ရင် ရှူဆေးလေးရော ဝယ်သွားဦး အမေကြီးရေ။ ရော့ ရော့ ဟောဒါက လတ်တလော အမူးအနောက်ပြေအောင် ရှူဦး"

အမေညာ ဒေါသူပုန်ထရပြီ။ ထိုးမုန့်သည်က တစ်မျိုး၊ ရှူဆေးသည်က တစ်သွယ်နဲ့။ အောင်မယ်. . . ဘာတဲ့။ အရီးတို့လို သွားမပါတဲ့ အရွယ်တွေတဲ့။ လာ လာချေသေးရဲ့။

"ဟဲ့ ဂန်းတာမ. . . ညည့်ရှူဆေးဘူးကို ညည်းကိုယ်တိုင်သာ ငါ့နှာခေါင်းထဲ လာထိုးထည့်လှည့်ပါ့အေ။ ဟိုမိန်းမရော ငါ့မှာ သွားမရှိဘူးလို့ ညည်းကို

mgyoe.com

mgyoe.com SAMPLE BOOK

ဘယ်လင်က ပြောသတုံး။ ဟောဒီမှာတော့ သုံးဆယ်နှစ်ချောင်းသောသွားတွေက ချွန်လို့ မြလို့အေ့"

အမေညှာက ထိုးမုန့်သည်မလေးရဲ့လက်ကို ဖျတ်ခနဲပြန်ဆွဲပြီး သူ့သွားတွေကို မြင်ပါစေကြောင်း ဖြီးပြလိုက်သေးတာ။ သွားတွေကဖြင့် ခနော်နီ ခနော်နဲ့ ရယ်။ အတွင်းဝင်သည့် သွားတွေက ဝင်ပြီး၊ အပြင်ငေါ်ထွက်နေသည့် သွားတွေက ငေါ်နေပေ့ါ။ ထိုးမုန့်သည်လေးတွေခမျာ ငိုအားထက် ရယ်အားသန်ရပါလေရော။ အမေညှာနားထိုင်နေတဲ့ ကားပေါ်က ခရီးသည်တွေကလည်း ရယ်လိုက်ကြတာများ ကားတောင် တုန်သွားရဲ့။ ထိုးမုန့်သည်မလေးကလည်း-

"ကိုင်း အမေကြီးရေ၊ နေစမ်းဦးတော်။ အမေကြီးသွားတွေ အဲသလောက်တောင် မာလှ ကောင်းလှတာ။ ကျမ ဆိုင်ခန်းပြန်ပြီး ထိုးမုန့်ဘူးနဲ့ နေကျောက်ခဲ (မြေပဲကြက်ဥ)ဘူး လဲချေစမ်းဦးမယ်" ဟု အရွှန်းဖောက်ကာ ထွက်သွားလေရဲ့။

အမေညှာမှာသာ "ကမြင်းမ. . . ငါ့များ သရော်တော်တော် လုပ်သွားသေးရဲ့" ဆိုပြီး ကြိတ်မနိုင်ခဲမရ ကျန်ရစ်ခဲ့ရတော့တယ်။ ကားဆရာကတော့ အမေညှာကို ဆိုချေတယ်။ ဒီနေ့လောက် သူ့ကားပေါ်မှာ တစ်ခါမှ ပွဲမကျဖူးလို့တဲ့။ အမေညှာ့ကို ကားစပယ်ယာခန့်လိုကြောင်းပင် စလိုက်သေးရဲ့။

မန္တလေးကားကွင်းကနေ ထွက်လာမှပဲ အသံတွေငြိမ်ကျသွားတော့တယ်။ အမေညှာကဖြင့် ရွာကိုရောက်ချင်လှပေ့ါ။ ကားစီးရတာ စိတ်အိုက်လူအိုက်နဲ့မို့ လူကနုံးနေပြီ။ စစ်ကိုင်း ကောင်းမှုတော်နားရောက်တော့ ခေါင်းပေါင်းစောင်လေး ဖြည်ပြီး ပခုံးပေါ်တင်ရင်း လက်အုပ်ကလေးချီကာ ကားပေါ်ကနေပင် ဝတ်ဖြည့်လိုက်တယ်။ သတ္တဝါတွေ ကျန်းမာစေဖို့နဲ့၊ ဖြစ်ရာဘဝမှာ အညာသူမကြီးသာ ဖြစ်ရပါစေကြောင်းကိုလည်း ဆုတောင်းလိုက်သေးတာ။

လှူနိုင်သောကိုယ်၊ ပေးနိုင်သောလက်သာ ဖြစ်ရပါလို၏တဲ့လေ။ ကျော်မင်းကတော့ အမေညှာကိုကြည့်ရင်း ပြုံး၍သာနေမိတယ်။ အမေညှာကလည်း သူ့ကို ဘယ်သူက ကြည့်နေ ပြုံးနေတယ်ဆိုတာလည်း သတိထားမိပုံ မရပေါင်။ လိုချင်တဲ့ဆုကို တစ်လုံးတစ်ဝ တောင်းချလိုက်တာပဲ။ "စိတ်ကူးထဲ ဘုရားတည်၊ ကောင်းမှုတော်ထက် ငယ်ရိုးလား" ဆိုတဲ့ မျက်နှာပေးမျိုးနဲ့။

"ပေးစမ်းအေ ထသီးမုန့် နှစ်ထုပ်လောက်။ ရွာရောက်ရင် ဆရာတော်ကို ကပ်ရချေသေးရဲ့။ ဒါနဲ့ ညည်းတို့ ထသီးမုန့်က လတ်ကောလတ်ကဲ့လားအေ့။ ချဉ်နေရင်တော့ ခက်ရချေရဲ့။ ထသီးမုန့်ဆိုမှဖြင့် ကြွကြွပွပွမနေဘဲ စေးစုတ်စုတ်

mgyoe.com

mgyoe.com SAMPLE BOOK
ခဲတဲတဲနေရင်လည်း ငါက တယ်ကြိုက်တာ မဟုတ်ဘူး"

ရေစကြိုဘက်ရောက်တော့ အမေညှာက ထန်းသီးမုန့်တွေ ဝယ်လိုက်တယ်။ ထန်းသီးမုန့်ကိုတော့ အမေညှာကိုယ်တိုင်ကလည်း ကြိုက်တာမဟုတ်လား။ ရွာပြန်ရောက်ရင်လည်း ဟိုကလေးကိုတစ်ဖဲ့၊ ဒီကလေးကိုတစ်ကိုက် ပေးချင်ကျွေးချင်သေးတာကိုး။ ဩော် မေ့လို့။ အမေညှာလွမ်းတဲ့အထဲမှာ ဂျာရစ်တို့၊ သတိုးတို့ ကလေးတစ်သိုက်က ထိပ်ဆုံးက။ သူတို့လေးတွေက အမေညှာရဲ့ အသည်းကျော်တွေ။ သူတို့ကလည်း အမေညှာဆိုလိုက်လျှင်ဖြင့် တန်းတန်းစွဲရယ်။

အမေညှာပြန်လာပြီတဲ့လို့များ သူတို့လေးတွေသိရင် ဘယ်လောက်တောင် ပျော်နေလိုက်ကြမတုံး။ အမေညှာလုပ်ကျွေးတဲ့ မုန့်ဖွဲဆုပ်လေးတွေကို သူတို့လွမ်းနေရှာမှာပေါ့။ အမေညှာကျိုတိုက်တဲ့ မုန့်နပ်လေးကို သူတို့လေးတွေ တမ်းတနေကြရှာမပေါ့။ ပြန်လာပြီ လူကလေးတို့ရေ။ အညာသူမ ရွာသူမကြီး လူလေးတို့ရှိရာဆီ ပြန်လာပါပြီတော့။ အမေညှာ့မျက်လုံးရီရီတွေဆီ ဝေ့တက်လာတဲ့ မျက်ရည်စလေးတွေကို တဘက်လေးနဲ့ အသာတို့လိုက်တယ်။

အမေညှာ အောက်မေ့မိပါရဲ့။ ဆရာတော်ဟောတဲ့ ငါစွဲပြုတ်ဖို့ထက်၊ အမေညှာ့ရင်ထဲက ရွာစွဲက ပိုပြီးခိုင်မြဲစူးနစ်လှချေရဲ့လို့။

❑

"ကိုင်း ဖိုးစည်ရေ၊ မင့်လှည်းနဲ့ ကြုံတော့လည်း ဒွေးလေးတို့ ဟန်ကျသပေါ့ကွယ်။ မဟုတ်ရင် သခင်မျှော်နေရဦးမှာကွဲ့"

အမေညှာတို့ မြစ်ခြေရောက်တော့ ရွာဘက်က ဖိုးစည်လှည်းနဲ့ အတည့်တိုးတာမို့ အမေညှာတို့အဖို့ ရေကန်အသင့် ကြာအသင့် ဖြစ်ရပြီ။ မြစ်ခြေဘက်ရောက်ပြီမို့ အမေညှာ့စိတ်ထဲလည်း ပေါ့ပါးလှပေါ့။ မြစ်ခြေဆိုတာ ကိုယ့်နယ်ကိုယ့်ဒေသပဲ မဟုတ်လား။ ရွာငွေ့ ရွာလေလေးတွေ ရနေသလို ခံစားနေရပြီ။ မြစ်ခြေနဲ့ စဘော ဘာများဝေးတော့တာမှတ်လို့။ ရေတွင်းနဲ့ ရေမှုတ်လိုဟာပဲ မဟုတ်လား။

မြစ်ခြေ စဘောလမ်းခွဲ တမာတန်းဇရပ်ကို ရောက်တော့ ငယ်ဘဝတွေကိုတောင် အမေညှာ သတိရမိသေးရဲ့။ မြစ်ခြေဈေးလေးကို ငါးရက်တစ်ဈေး သတ်မှတ်ထားတယ်။ နယ်သူနယ်သားတွေဆိုတာများ ဈေးနေ့မရောက်မချင်း ဗိုင်းငင်၊ ချည်သေ့အလုပ်တွေကို ဒူးပျော့ ခါးချည့်လောက်အောင် ပျာပျာသလဲ လုပ်ကြရတာရယ်။ ဈေးနေ့မှ ထွက်တတ်တဲ့ ကိုစိန်ညိုရဲ့ထော်လာဂျီနဲ့လိုက်ပြီး ချည်ရောင်းဖို့ပေါ့။
mgyoe.com

mgyoe.com SAMPLE BOOK
အမေညာတို့ငယ်ငယ်ကဖြင့် ငင်လိုက်ရတဲ့ဗိုင်း၊ ချလိုက်ရတဲ့ချည်။လူတစ်ကိုယ်လုံး ဗိုင်းမွေးတွေနဲ့ ဖွေးဖွေးလှုပ်နေတော့တာပါပဲ။ ဈေးဖိတ်နေ့ ညကတည်းက ချည်ခင်တွေကို တောင်းထဲ သိပ်ထားရပြီ။ မနက်လင်းကြက်တွန်ရင် ကိုစိန်ညို့ထော်လာဂျီဆီ ပြေးရပြန်တယ်။ ကိုစိန်ညိုကလည်း ထော်လာဂျီမထွက်ခင် စက်သံတဒုန်းဒုန်းနဲ့ လူခေါ်လေရဲ့။ မကြာပေါင်။ ထော်လာဂျီပေါ်ကို ထင်းသည်၊ မီးသွေးသည်၊ ချည်သည်၊ ထညက်(ထန်းလျက်)သည်တွေဆိုတာ အငုတ်ငုတ်အရုတ်ရုတ် ရောက်လာကြရော။ ထော်လာဂျီတစ်စီးလုံး ဖောင်းမောက်ကလန် လျှံကျလို့ပါကော။ မြစ်ခြေဈေးရောက်တော့ ချည်ပါသူက ချည်ရောင်း၊ ထင်းပါသူက ထင်းရောင်းပေါ့။ ထညက်သည်တွေကတော့ ကျွန်းချောင်းဘက်ကို ဆက်တက်ကြရတယ်။ ရောင်းလို့ ချလို့ပြီးရင် ဈေးထဲမှာ တစ်ပတ်စာရိက္ခာတွေ ဝယ်ကြခြမ်းကြရပြန်ပြီ။ မောလို့မောမှန်းပင် မသိနိုင်ကြပေ။ ဝယ်ခြမ်းပြီး လူစုံရင်တော့ ဆယ်နာရီခွဲလောက်ဆို ထော်လာဂျီနဲ့ ပြန်လာကြရတယ်။ တစ်ချိန်က ဘဝအမောတွေက ခုမျှားဖြင့် လွမ်းစရာကောင်းလှချေရဲ့လို့ပင် အမေညာ အောက်မေ့ပါရဲ့။

"မိညာတို့က ရွာလေကို ဟောသလို အားရပါးရ ရှုလိုက်ချင်စမ်းတာတော့" ဆိုကာ လှည်းပေါ် ထိုင်ရင်းကနေ လက်နှစ်ဖက်ကိုမြှောက်ကာ ကွင်းလေတွေကို ရှုလိုက်သေးတာ။ လှည်းနောက်က ဖုန်ခိုးဖုန်ငွေ့တွေဆိုတာ လုံးအူနေတာပါပဲ။ ဖိုးစည်နဲ့ ကိုကျော်မင်းကတော့ စကားတွေဖောင်ဖွဲ့လို့။ ကိုယ့်တောဒေသ မိုးရွာလေရှားတော့ စိုက်ပျိုးလို့ မဖြစ်ထွန်းကြောင်း၊ တစ်သီးတစ်ဝါစိုက်ဖို့တောင် အားယူရကြောင်း၊ တောင်သူတွေအဖို့ မိုးမမှန် လေမမှန်ရသည့်အထဲ ဝယ်လက်တွေနှိမ်လို့ အသီးအနှံတွေက ဈေးမကောင်းတာကြောင့် ဆင်းရဲသမျှ အရာမရောက်ကြောင်းတွေ စုံနေတာပါပဲ။ လှည်းက ရွာခြေကပ်လာပြီ။ အမေညာ့မျက်နှာက ပြုံးပန်းတွေဝေလို့။

"လှည်းစီးရတာ မပင်ပန်းဘူးလား အရီးရယ်။ ဖုန်တထောင်းထောင်းနဲ့ လမ်းကလည်း ဒီလောက် ခုန်ဆောင့်နေတဲ့ဟာကို။ အရီးမို့ တစ်ချက်မညည်းတယ်"

ဖိုးစည်က ငြိမ်နေတဲ့ အမေညာကို စကားစလိုက်တယ်။ အမေညာက ဖိုးစည်ရဲ့ လှည်းရံတိုင်ကြားမှာညှပ်ထားတဲ့ ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကြီးကို ကောက်ကာ အတွင်းခံဂျာစီထဲ ထည့်ထားတဲ့ မီးခြစ်လေးကိုထုတ်ယူပြီး ဆေးလိပ်မီးညှိရင်း ရှိုက်လိုက်သေးရဲ့။ ဆေးလိပ်ကို သုံးချက်လောက် ဆင့်ကာရှိုက်ပြီးမှ ဖိုးစည်ကို "မေးတတ်ရန်ကော" ဆိုတဲ့အကြည့်နဲ့ မျက်စောင်းကြီးထိုးလိုက်တယ်။

"မင့်နှယ့်ကွယ်။ တစ်လမ်းလုံး ကားစီးလာရတာ ဘယ်လောက်ပင်ပန်း

mgyoe.com

mgyoe.com SAMPLE BOOK
လိုက်တယ် မှတ်သတုံး။ ငါ့မယ် ကားသာစီးနေရတယ်။ စိတ်ကဖြင့် မိပွေးအိမ်က ဖိုးသာစိန်ကိုင်တဲ့ နွားလှည်းကြီးကို အောက်မေ့ချက်တော့။ ဖြစ်နိုင်ရင် ကားစီးမယ့် အစား လာရှိုးကနေ ရွာအရောက် လှည်းစီးပြီးတောင် ပြန်လိုက်ချင်စမ်းရဲ့။ ပင်ပန်းဖို့ နေနေသာသာ၊ နုံးနေတာတွေတောင် ပျောက်သွားသေး"

ဖိုးစည်နဲ့ ကိုကျော်မင်းတို့ ဝါးလုံးကွဲရယ်မိကြတယ်။ အမေညွှာကဖြင့် ရွာရောက်တော့မှ ဟင်းချနိုင်တော့တာရယ်။ ရင်ထဲကအလုံးကြီး ကျရပြီဆိုတဲ့ အတွေးနဲ့ပေါ့လေ။ လားရှိုးမှာ ရောက်လက်စနဲ့မို့သာ နေခဲ့ရတယ်။ အမေညွှာကဖြင့် မပျော်ပိုက်လိုက်သမှ။ ဘယ့်နှယ့်တော်။ အရပ်ရှစ်မျက်နှာ တောင်တန်းတွေသာ ရှိပြီး ဒယ်အိုးဇောက်ထဲ ရောက်နေသလို ခံစားရတာကော။ နားမခေါ် ရပ်ကွက်ရဲ့ အနောက်ဘက်တောင်တန်းတွေက တောင်ခိုးတောင်ငွေ့တွေ သမ်းတော့လည်း ရွာကိုလွမ်းလှရဲ့။ တိမ်တညို့ညို့ မိုးတစိုစို မြူတဆိုင်းဆိုင်း ရှိပြန်တော့လည်း ငါ့ရွာကို ဟောဒီမိုးတွေ ပို့လိုက်ချင်လှရဲ့ဆိုပြီး သတိရမိသေးတာ။ အခုတော့ အမေညွှာ ပျော်ပါပြီ။ မတော်လို့များ ခေါင်းချရရင်တောင် ကိုယ့်ရွာကိုယ့်ဇာတိမို့ အသေဖြောင့် လှပေါ့။

လားရှိုးမြို့ပေါ်က နာရေးတွေကို ကြာကန်ဘက်မှာ သင်္ဂြိုဟ်ကြတယ် ဆိုတော့ အမေညွှာ အားငယ်မိသေးတယ်။ မတော်လို့များ ဒီမှာရိုးမြေချရရင် ကြာကန်ဆိုတဲ့ ဆွေမရှိမျိုးမရှိအရပ်မှာ မိညွှာတစ်ယောက်တည်း မျက်စိသူငယ် နားသူငယ် ရှိရချေရဲ့လို့ အတွေးဝင်မိတာကိုး။ ဘာရယ်မဟုတ်ပေမယ့် ခေါင်းချ ချိန်နီးတဲ့ သက်ကြီးပီပီ အတွေးတွေကတော့ တောင်ဂရောက် မြောက်ဂရောက်ပါပဲ။ မငွေအိုးကတော့ "အရိုးရယ် သရဲဖြစ်ပေါ့တောင် အားက ငယ်ဦးမှာလား" လို့ စတော့ အမေညွှာက "ကမြင်းမနှယ်အေ. . . ငါ့များ မဦးမချွတ်" တဲ့လေ။

❑

"ကိုင်း ကိုရင်တို့။ ကျောင်းမှာ တစ်သုတ်တစ်ဂါထာ စာဝါလိုက်ကြဦး ဘုရား။ သာသနာ့ဝန်တာကို တစ်သက်တာ မထမ်းရွက်နိုင်ရင်တောင် အထုံကလေး ပါအောင်တော့ ဝတ်နိုင်သမျှ ဝတ်ကြဦးဘုရာ့။ တပည့်တော်မကတော့ ဆန္ဒလေး မြောက်လို့ စိတ်ချမ်းသာရပါပြီ"

အမေညွှာက ကိုရင်ဇဋိလနဲ့ ကိုရင်သုမနကို ကြည့်ရင်း မှာတမ်းတွေခြွေ နေလေရဲ့။ "ဂျာရစ်နဲ့ သတိုးလေးကို ရှင်ပြုပေးချင်စမ်းရဲ့ကွယ်" လို့ ဟိုအရင်က အမေညွှာ တဖွဖွပြောခဲ့ဖူးတယ်။ သူတို့လေးတွေရဲ့ မိဘများက မပြည့်စုံကြရှာတော့

mgyoe.com

mgyoe.com
SAMPLE BOOK

ကလေးတွေကို သက်န်းစည်းမပေးနိုင်ကြဘဲကိုး။ တစ်နေ့တစ်နေ့ နေ့ဖို့ညစာ ရှာရတာနဲ့သာ အချိန်ကုန်နေကြတာ မဟုတ်လား။ ယခုတော့ မြောက်ခဲ့ရပြီလေ။ ဒါတောင် အမေညာက ရှင်သွားတောင်းတော့ ဂျာရစ်အဖေ ငလုံးက ပေးချင်လှတာ မဟုတ်ဘူး။

"အရီးညာရဲ့. . . အရီးမြေးက မှိုရှာမျှစ်ချိုး၊ ကြွက်ထိုးဖားရိုက်လောက်တော့ လုပ်နိုင်နေပြီဗျ။ သူ့ကို ရှင်ဝတ်ခိုင်းလိုက်ရင် အိမ်မှာ လုပ်အားတစ်ယောက် လျော့သွားမှာပေါ့။ ကျုပ်တို့အိမ်မလည်း အရီးသိတဲ့အတိုင်းပဲ။ ကလေးတပြုံ ခွေးတရုံနဲ့ ရယ်" တဲ့လေ။

အမေညာ စိတ်ပေါက်ချက်များ။ အဲသလောက် အသိခေါင်းပါးရသလား ရယ်လို့လေ။

ဟဲ့အကောင် ငလုံး။ မင့်နှယ့်ကွယ် ဉစ္စာမရှိတာ ငါ ခွင့်လွှတ်နိုင်သေးရဲ့။ သားသမီးဖို့ တွေးပေးနိုင်တဲ့ အသိဉာဏ်မရှိတာတော့ ငါဖြင့် ခွင့်မလွှတ်နိုင်ပေါင်။ ဘယ့်နှယ့်ကွယ်။ ကိုယ့်ကလေးကို အကုသိုလ်နွံထဲ ဆွဲနှစ်ချင်နေရသလား။ ငါမကျေခဲ့တဲ့တာဝန်ကို အရီးညာက ထမ်းပေးချေရဲ့ဆိုပြီး မင်းကဝမ်းသာရမှ မဟုတ်ဘူးလား။ မင်းက ဘယ့်နှယ့်ဖအေမျိုးတုံး။ ကလေးတပြုံ ခွေးတရုံကတော့ မင့်ဟာမင်းကမြင်းလို့ မွေးသကိုးကွဲ့။ ဆန်မရှိဘဲ အစားကြီးတာ မင်းမှအစစ်"

အမေညာနဲ့ ငလုံးနဲ့ အတော်လေး အချေအတင်ဖြစ်ခဲ့ရသေးတာ။ နောက်မှ ငလုံးမယား ရှင်မိဆိတ်က ဖျောင်းဖျလို့သာ အမေညာ့အလှူက မြောက်ခဲ့ရတာကိုး။ ကိုရင်လေးတွေကတော့ ပျော်နေကြလေရဲ့။ အိမ့်အရိပ်က လွတ်လေတော့ သူတို့ခမျာ လွတ်လပ်နေကြပုံပေါ်ပါရဲ့။ ကလေးတွေဆိုပေသိ အိမ့်ဝန်တာကို စွမ်းသမျှ ထမ်းကြရသူလေးတွေကိုး။ တောရွာဘက်က ကလေးတွေဆိုတာ ခုနစ်နှစ်ရှစ်နှစ်အရွယ်ဆို နိုင်ရာဝန်ထမ်းကြရရှာပြီ။ ဖအေက တောလိုက်သွားလို့၊ မအေက ကောက်စိုက်သွားလို့ဆိုရင် ကလေးထိန်းနိုင်သူက ထိန်း၊ ထမင်းချက်နိုင်သူက ချက်ကြရတာရယ်။ ပညာတစ်ပိုင်းတစ်စနဲ့ ပညာရေးကံခေကြတာကိုလည်း အမေညာ စိတ်မကောင်းလှပါဘူး။

"အရီးတူကို ဗွေမယူပါနဲ့ အရီးရယ်။ သူက စကားပြောမတတ်ပေမဲ့ လူရိုးလူဖြောင့်ကြီးပါတော်။ အရင်ကသာ မကြည်ဖြူပေမယ့်။ သားကိုရင်ကို မြင်တော့လည်း သူကျေနပ်နေရှာတာပါ"

မိဆိတ်က အမေညာ့အနားလာပြီး တောင်းပန်ရှာတယ်။ မျက်ဝန်းဆီမှာ

mgyoe.com

mgyoe.com SAMPLE BOOK

မျက်ရည်လေးတွေက ဝဲလို့။ အမေညာကလည်း ဖွဲနာမကောက်ပါဘူး။ တောသူ တောင်သားတို့ သဘာဝက စိတ်ဆိုးလည်းခဏပါပဲ။ ပြေလွယ်ပျောက်လွယ်ကြ သူတွေချည်း။ မနက်ဘက် ရန်ဖြစ်ပြီး၊ ညဘက် ဟင်းခွက်ကမ်းကြတဲ့ သူတွေချည်းလေ။ ငလုံးရှိရာကို အမေညာ လှမ်းကြည့်လိုက်တယ်။ ငလုံးရယ်လေ။ ငိုနေလိုက်တာများ ရှိုက်ကြီးတငင်ပါပဲ။ ရေနံချေးဝနေတဲ့ ကျောင်းလှေကားလက်ရန်းပေါ်ကနေ လျှောစီး ချနေတဲ့ သားဖြစ်သူ ကိုရင်ဂျာရစ်ကလေးကို ကြည့်လိုက်၊ မျက်နှာကြီးကို လက်ဖဝါး ကြမ်းနှစ်ဖက်နဲ့ အုပ်လိုက်နဲ့။ ကြူကြူပါအောင် ငိုနေရှာလေရဲ့။ တအောင့်နေတော့ အမေညာရှိရာဆီ ငလုံး လှမ်းလာတယ်။

"အရီးညာ. . . ။ ကျုပ်ကို ခွင့်လွှတ်ပါဗျာ။ ကျုပ်မှားတယ် အရီးညာရဲ့။ ဖအေဖြစ်ပြီး ဖအေ့တာဝန်ကို မကျေနိုင်ခဲ့တဲ့ ကျုပ်ပါဗျာ။ ကျုပ်တစ်သက် ဂျာရစ် ကလေးကို ဒီလိုမြင်ချင်ခဲ့တာပေါ့ အရီးရယ်။ ဒါပေမဲ့ ကျုပ် တမင်မေ့ထားခဲ့ရတာဗျ။ အခုတော့ ကျုပ် ဝမ်းသာလိုက်တာ အရီးရာ။ ကျုပ်သားဂျာရစ်လေး သာမဏေဖြစ် ခဲ့ပြီ အရီးရဲ့"

ငလုံးက အမေညာ့အနီးမှာ ပုံခနဲထိုင်ချရင်း အမေညာ့ကိုဖက်ကာ ငိုလေ ပြီ။ မျက်နှာကြီးတစ်ခုလုံး နီရဲမို့အစ်နေရှာတယ်။ အမေညာရော မိဆိတ်ပါ နှလုံးသား တွေ မခံနိုင်တော့ပြီ။သုံးဦးသုံးဖလှယ် မျက်ရည်တွေကိုယ်စီနဲ့။ အမေညာကတော့ ရှိုက်သံပင် မထွက်အားတော့ပြီ။

"မိဆိတ်. . . အရီးကို ကန်တော့စမ်းအေ. . . "

ငလုံးက မိဆိတ်ကိုလည်းပြောရင်း သူကိုယ်တိုင်လည်း ပုဆစ်တုပ်ထိုင်ကာ ကန်တော့တယ်။ ကိုရင်ဂျာရစ်လေးကပါ ပြေးလာပြီး အမေညာ့ကို ကန်တော့မယ် လုပ်လို့ တားရသေးရဲ့။

"အရီးညာ ခွင့်လွှတ်ပါတယ် လူမိုက်ကြီးရဲ့။ မင်းက အင်မတန်တာဝန် ကျေတဲ့ ဖအေမိုက်ကြီးပါကွယ်။ ကျောင်းကန်ကို မပို့နိုင်ပေမဲ့ နပ်မှန်အောင် ရှန်းကန် ကျွေးခဲ့တဲ့ အဖေပီသသူကြီးပါ ငါ့တူရယ်။ ထစမ်းကွဲ့ ထစမ်းကွဲ့။ ဘုရားကျောင်း ကန်ထဲ မျက်ရည်မကျစကောင်းဘူး"

ပြောမယ့်သာ ပြောရပါတယ်။ အမေညာ့မှာလည်း မျက်ရည်တွေက အင်းလို့။ ရှင်ပြုပွဲလေးကို လာကြတဲ့ တရားနာသူတွေမှာလည်း မျက်ရည်စတွေနဲ့။ ကြည်နူးလို့ကျတဲ့ မျက်ရည်၊ ဝမ်းသာလို့ကျတဲ့ မျက်ရည်မို့ ဘုရားရှင်ကလည်း ခွင့်ပြုတော်မူလောက်ပါရဲ့လို့သာ အမေညာ နှလုံးသွင်းမိပါရဲ့။ ရှင်ပြုတယ်ဆိုလို့

mgyoe.com

mgyoe.com SAMPLE BOOK

အလှူကြီးကန္တားကြီး မဟုတ်ရပါဘူး။ သက်န်းနှစ်စုံ၊ အုန်းငှက်ပျောတစ်ပွဲ၊ လှူရန် ဝတ္ထုလေးနဲ့ ပြီးရတဲ့ပွဲပါ။ တရားနာရုံတော့ ရွာလုံးကျွတ်ဖိတ်ရတာပေါ့။ ဆန်တစ်ပွဲ တတ်နိုင်သူက ဆန်တစ်ပွဲ၊ ပဲတစ်ပြည်တတ်နိုင်သူက ပဲတစ်ပြည်နဲ့ ပေါင်းစုလှူကြတဲ့ ရှင်ပြုပွဲလေးပေါ့။

ညနေစောင်းတော့ ဆရာတော်ကိုကန်တော့ပြီး အိမ်ပြန်ခဲ့ကြတယ်။ ငလုံးကတော့ ကိုရင်ဂျာရစ်နဲ့ ကိုရင်သတိုးကို "အရှင်ဘုရားတို့ . . . မနက်ဖြန် ဆွမ်းခံကြွချိန်ကျရင် တပည့်တော်အိမ် အရင်ကြွကြွစမ်းပါဘုရား။ ဆွမ်းဦးဆွမ်းဖျားကို တပည့်တော် လောင်းစမ်းပါရစေ" တဲ့လေ။ ကြမ်းတမ်းပေမယ့် ရိုးသားလှတဲ့ တောသားကြီးရဲ့ နှလုံးသားဟာ တဖန် နူးညံ့နေပြန်လေရဲ့။

❑

"ဒကာဖိုးလုံး . . . ဒကာဖိုးလုံး . . . ။ ဂျာရစ်ကို မြွေကိုက်လို့။ ကျောင်းအနောက်ဘက် စည်းနားမှာ အမှိုက်လှည်းရင်း အကိုက်ခံရတာ"

ကိုရင်သတိုးက အမောတကောပြေးလာပြီး ပြောရှာတယ်။ မိဆိတ်ရင်ထဲ ဟုန်းဟုန်းတောက်မတတ် ပူလောင်သွားတယ်။ ငလုံးကတော့ သွေးလက်စအောမကြီးကို ဗြုန်းခနဲပစ်ချပြီး ကျောင်းဆီပြေးလေပြီ။ မိဆိတ်လည်း အိမ်က ကလေးတွေကို ဘေးအိမ်အပ်ခဲ့ပြီး ကျောင်းကို အသော့လိုက်ရတယ်။ ဟိုရောက်တော့ အမေညာတို့ ငလုံးတို့က ရောက်နေလေပြီ။ ဆရာတော်ကြီးကလည်း ဆေးရုံကိုသာ အမြန်သွားဖို့ မိန့်တော်မူသည်။ ကိုရင်ကတော့ ခုတင်ပေါ်မှာ ပက်လက်ကလေး သတိလစ်နေရှာတယ်။

မြွေပွေးကိုက်တာကွ ငလုံးရ။ မြစ်ခြေဆေးရုံကို အမြန်ရောက်မှဖြစ်မယ်။ မဟုတ်ရင် ကိုရင့်အတွက် စိုးရိမ်ရတယ်။ ငါ အိမ်ပြန်ပြီး လှည်းကောက်မယ်"

ကိုရင်သတိုးရဲ့အဖေ ကိုအောင်ငွေက ပြောလည်းပြောရင်း ရွာထဲအမြန် ပြေးပြီ။ အမေညာကတော့ ခြေမကိုင်မိ လက်မကိုင်မိပါပဲ။ ကိုရင်ဂျာရစ်လေးများ ဖိတ်စင်ခဲ့ရင်ဆိုတဲ့အတွေးနဲ့ ဖြေမဆည်နိုင်အောင် ခံစားရတယ်။

မိဆိတ်ကတော့ တရှုံ့ရှုံ့ရယ်။ ကိုရင်ဂျာရစ်ရဲ့ နှုတ်ခမ်းတွေကလည်း ပြာနှမ်းနေချေပြီ။

ကိုင်း ကလေးကို ဒီပေါ်တင်။ လာစမ်း ညို။ မင်းက ရှေ့ကထမ်း။ အောင်ငွေ့လှည်းကိုတော့ နောက်ကသာ လိုက်ခိုင်းခဲ့ပေတော့။ ကျုပ်တို့ ရောက်သလောက် သွားနှင့်မယ်"

mgyoe.com

mgyoe.com SAMPLE BOOK

ငလုံးက ဝါးလုံးထိုးထားတဲ့ စောင်ပုခက်ကြီးယူလာပြီး ကိုရင်ဂျာရစ်ကို စောင်ပေါ်တင်လိုက်တယ်။ ပြီးတော့ ငညိုနဲ့ ဦးဘက်ထမ်းကာ ရွာခေါင်းရင်း သဲချောင်းအတိုင်း မြစ်ခြေကို ဖြတ်လမ်းသွားကြပြီ။ မိဆိတ်ကတော့ အိမ်ပြန်ကာ ကလေးတွေကိုလည်း မှာစရာရှိတာမှာရင်း ကိုရင့်အတွက် လိုအပ်တာလေးတွေ ပြန်ယူတယ်။ တအောင့်နေတော့ ကျောင်းကို ပြန်ရောက်လာတယ်။ ကိုအောင်ငွေ့ လှည်းလည်း ရောက်လာပြီမို့ အမေညှာနဲ့ မိဆိတ်တို့က လှည်းနဲ့လိုက်ခဲ့ကြတော့တယ်။ အမေညှာ့ရင်ထဲတော့ ကိုရင် ဘေကင်းပါစေ၊ ကျန်းမာပါစေသာ ဆုတောင်းနေမိတယ်။

"မငိုစမ်းနဲ့ မိဆိတ်ရယ်။ ကလေးအတွက် နိမိတ်မရှိအေ" လို့ အမေညှာက ပြောလိုက်တော့ မိဆိတ် အငိုတိတ်သွားလေရဲ့။

ငလုံးလည်း သားကိုရင်မျက်နှာကိုကြည့်ရင်း မျက်ရည်တွေသာ တွေတွေကျနေရတယ်။ ရောက်လုပါပြီ။ ဟိုမှာ ဆေးခန်းကို လှမ်းမြင်နေရပေါ့။ "သာသနာ့ဘောင်မှာ ကိုရင်ပျော်သလောက်သာနေ။ တပည့်တော်တို့အတွက် မပူနဲ့ဘုရား" လို့ ငလုံးလျှောက်ထားတာမှ မကြာသေးဘူး။ အခု ကိုရင်လေးက အားလုံးကို နှုတ်ဆက်တော့မှာလား ဘုရား။ တပည့်တော် ရင်ကွဲမတတ်ပါပဲ ကိုရင်ရယ်။ တပည့်တော်ကို တာဝန်မကျေတဲ့ ဖအေမိုက်ကြီးအဖြစ် ကိုရင်ခွင့်လွှတ်နိုင်ပါ့မလား။ အမေညှာပြုပေးလို့ ရှင်ဖြစ်ရတယ်လို့များ တပည့်တော်ကို စိတ်နာနေမလားဘုရား။ ကိုရင် အသက်ရှင်ပါဦးဘုရား။ ကိုရင် ရှင်သန်ပါဦးဘုရား။ တပည့်တော် ဆွမ်းလောင်းလို့မှ အားမရသေးဘူးဘုရား။ ဖြစ်နိုင်ရင် ကိုရင့်ရဲ့ ရာသက်ပန်ခမည်းတော်ကြီး ဖြစ်ပါရစေ ကိုရင်ရယ်။

"ငလုံး အထမ်းကို ချတော့ဟ။ ဆေးရုံကိုရောက်ပြီ"

ငညိုပြောမှ ငလုံး သတိဝင်မိတယ်။ ကလေးကို ပွေ့ပြီး ဆေးရုံအခန်းထဲ အပြေးဝင်မိတယ်။ ဆရာဝန်နဲ့ သူနာပြုတွေလည်း အလုပ်တွေ များကုန်ကြရတယ်။ တိုက်နယ်ဆေးရုံမို့ လူနာသိပ်မများတော့ ကိုရင့်ကို ချက်ချင်းကြည့်ပေးကြပါရဲ့။ မြစ်ခြေ စဘော လေးမိုင်ခရီးကို ဇောတွေနဲ့မို့သာ အသော့နှင်ခဲ့ရပေမယ့် ငလုံးနဲ့ ငညို့ရဲ့ ရင်အစုံဟာ နိမ့်တုံမြင့်တုံနဲ့ ဖားဖိုကြီးတွေလို ပိန်လိုက်ဖောင်းလိုက် ဖြစ်နေကြရှာပြီ။ ငလုံးကတော့ အခန်းရှေ့မှာ ငူငူကြီးထိုင်လို့။ ငညိုကတော့ သတိထားဖို့ ပြောပါတယ်။ တအောင့်နေတော့ ကိုအောင်ငွေတို့လှည်းလည်း ရောက်လာတယ်။

"ကိုရင် ဘယ့်နှယ့်နေတုန်းဟဲ့။ အဖိတ်အစင် လွတ်လောက်ကဲ့လား။

mgyoe.com

mgyoe.com
SAMPLE BOOK

ငါ့နှယ်ကွယ် ဖြစ်ရလေရဲ့"

အမေညွာက အလောတကြီးမေးတော့ ငလုံးရော ညီရော ဘာမှမဖြေနိုင်ကြပါ။ ခေါင်းကြီးတွေကိုသာ ငိုက်စိုက်ချထားရင်း ကျောက်ရုပ်ကြီးတွေပမာ။

"ကိုရင်လေး သတိရပါပြီ အမေကြီးရဲ့။ ဘာမှ မစိုးရိမ်ကြပါနဲ့။ ကိုရင်လေး မသေတော့ပါဘူး"

အခန်းထဲကထွက်လာတဲ့ ဆရာဝန်ရဲ့စကားကြောင့် အားလုံး ဝမ်းသာသွားကြရတယ်။ ဝင်တွေ့လို့ ရပါတယ်ဆိုတော့ ကိုရင့်အနားသွားကာ လက်ကလေးကိုင်း နဖူးကလေးစမ်းနဲ့ အားပေးကြရရဲ့။

"ကိုရင်ရဲ့. . . ကိုရင်များ တစ်ခုခုဖြစ်ခဲ့ရင် တပည့်တော်ဖြင့် ဘယ်လိုမှ ဖြေနိုင်မယ်မထင်ဘူးဘုရား"

ငလုံးက သားဖြစ်သူကိုရင့်ကို စူးစူးစိုက်စိုက်ကြီးကြည့်ရင်း ပြောရှာတယ်။ မျက်နှာတပြင်လုံးလည်း သောကပရိဒေဝ အပူမီးတွေ ဟပ်ခံရလို့ထင်ပါရဲ့။ ရဲတွတ်လို့။

"အဖေ. . . အမေ။ ကိုရင်လည်း အဖေနဲ့အမေ့ကို ခွဲရမှာကြောက်တယ်။ မမနဲ့ ညီလေးတို့ကိုလည်း မခွဲနိုင်ဘူး"

ကိုရင်ဂျာရစ်လေးက ပြောရင်း မျက်ရည်ကျရှာတယ်။ သူကလေး ဘယ်လောက်တောင် ကြောက်နေလိုက်ရှာမလဲလေ။

"အမေညွာ. . .။ ကိုရင်လေ စောစောက အမေ့ညွာ့အိမ်ကို ဆွမ်းခံရောက်နေတာ။ အမေညွာက ကိုရင်ခေါ်တာကိုလည်း မကြားဘူး။ ကိုရင်လည်း အကျယ်ကြီးအော်နေရဲ့သားနဲ့ အမေညွာမကြားလို့ အမေညွာ့အိမ်ပေါက်ဝမှာ ထိုင်ငိုချလိုက်တာ"

အဲလောက်တောင် အစွဲကြီးရသလား ကိုရင်ရယ်။ အမေညွာ ရွာစိတ်ရပ်စိတ်ကြီးလှသလို၊ ကိုရင်ကလည်း အမေညွာ့အပေါ် အဲသလောက်စွဲသတဲ့လားကွယ်။ အမေညွာက ကိုရင်ဂျာရစ်အနား ကပ်ထိုင်းရင်း လက်အုပ်ကလေး ချီလိုက်တယ်။ မျက်ရည်တွေကတော့ ဝေ့သီလို့ပေါ့။

"အမေညွာ"

"မိန့်ပါ ကိုရင်ရယ်။ မိန့်စမ်းပါဘုရား"

အမေညွာက ကိုရင့်လက်ကလေးကို ကိုင်ထားရင်း လျှောက်ထားလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကိုရင် အမေညွှာကို ချစ်တယ်နော်"

"အမလေး ကိုရယ်ရယ်။ မိညွှာကလည်း ကိုရင့်ကို ချစ်ပါသကောဘုရား"

အားလုံး မျက်ရည်တွေကြားကနေ ပြုံးမိကြတယ်။ ဒါဟာ ပူဆွေးပြုံး၊ သောကပြုံးမှ မဟုတ်ဘဲလေ။ ကြည်နူးပြုံး၊ ကျေနပ်ပြုံး၊ မေတ္တာပြုံးတွေ မဟုတ်လား။ အမေညွှာ ယုံကြည်ပဲ့။

"မေတ္တာခြုံရင် လုံတယ်၊ မေတ္တာဖျန်းရင် လန်းတယ်၊ မေတ္တာထွေးရင် နွေးတယ်" ဆိုတာကိုပေါ့လေ။ တိုက်နယ်ဆေးရုံရဲ့ အခန်းငယ်လေးဟာ သောကမီးတွေငြိမ်းပြီး၊ မေတ္တာတရားတွေနဲ့ နွေးသောအရိပ်ကလေး ဖြစ်ခဲ့ရပြီ မဟုတ်လား။

***28 August, 2021***

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# သမုဒယသစ္စာ

"မျိုးရိုးကို စွန့်လိုက်တဲ့ကောင်နှယ်။ ဘမျိုး ဘိုးတူဆိုတဲ့စကား မင်းနဲ့ကျမှ ပျက်ရကောင်းတယ်လို့။ တို့အဖေ ဖိုးစံလှိုင်တို့များ ဝက်သားချက်မပါရင် ထမင်းတောင် မျိုကျတဲ့လူစားမဟုတ်ဘူး။ မင့်ကျတော့ ဟုတ်ပေါင်။ အဖေ ဝင်စားတယ် ပြောပြီး အဖေ့ကိုမတူလိုက်ပုံများ။ မင်းနဲ့ကျမှပဲ မျိုးမွေရိုးမွေ ကောရတယ်လို့"

အမေကြီး(အမေပြုံး)က ကျွန်တော်နဲ့ စကားစပ်မိတိုင်း သည်သို့ ဆိုတတ်သည်။ ပြောမည်ဆိုလည်း ပြောလောက်ပါပေ၏။ အမေကြီးရဲ့အဖေ ဘစံလှိုင်မှသည် အမေကြီး၏ သားသမီးမြေးမြစ်အထိ ဝက်သားကို သရေစာသဖွယ် စားကြသူတွေ မဟုတ်လား။ ဝက်သားချက်များ မပါသည့်နပ်တွေဆိုလျှင် အမေကြီးက "ထမင်းနှယ် တော်။ မသေအောင်သာ စားရတယ်။ ဆန်လုံး လည်မျိုထောက်ချေရဲ့။ မျိုလိုက် ရချက်က တွင်းဝင်မဖြောင့်လိုက်ပုံများ" ဟု အမြဲဆိုတတ်သည်။ ဆိုချင်သည်က အဆီအခေါက် မပါသည့်အတွက် အဝင်မလျှောဘူးဆိုတဲ့သဘော။ အဆီကလေး အဖတ်ကလေးနဲ့မှ ထမင်းဝင်ချောပြီး မျိုရသက်သာသည်ဟူသည့် အဓိပ္ပာယ်ပင်။

"အမေကြီးပြောတော့ ဘစံလှိုင်က ရေစက်တွင်းတောင်ဘက်က ရိုးချောက် ထဲမှာ ဝက်တိုးခံရပြီး သေရတာဆို။ ဒီတော့ သူက ဝက်တိုးခံရလို့ သေရလေခြင်း ဆိုပြီး ဝက်ကို စိတ်နာတာဖြစ်မှာပေါ့။ အဲဒါကြောင့် ဝက်သားကို မုန်းတာဖြစ်မှာ"

"အောင်မယ်။ တို့ဖအေလား ဝက်သားကို မုန်းမှာ။ ဝက်သားများတော့

mgyoe.com

mgyoe.com SAMPLE BOOK
သခေါင်(သန်းခေါင်)လာမလား သလွဲ(သန်းလွဲ)လာမလား အကောင်လုံးမျိုမယ်ဆိုတဲ့ လူစားကွယ့်"

အမေကြီးနဲ့ စကားဆုံလျှင် ရှေးပုံရှေးပတ် ဖြစ်ကြောင်းကုန်စင်တွေလည်း ကြားရတတ်သည်။ စိတ်လိုလက်ရ ရှိသည့်အခါတော့လည်း မမေးပါဘဲနှင့် ဇာစ်မြစ်စုံကို ပဝေသဏီ အစချီလျက် အူမချေးခါးမကျန်ပြောပြတတ်သလို၊ စိတ်မသာကိုယ်မမာသည့် အခါများတွင်မူ "အမေကြီးတို့ခေတ်တုန်းကအကြောင်းတွေ ပြောပါဦး" ဟု ကျွန်တော် တောင်းဆိုတာကိုပင် "ပြောတတ်ပေါင်ကွယ်။ အသက်ကရလာတော့ ဖြစ်သမျှအလုံးစုံကို စုံစုံစေ့စေ့လည်း တယ်မမှတ်မိတော့ပါဘူး" လို့သာ စကားပယ်တတ်လေသည်။ မမှတ်မိပေါင်ဆိုသော်လည်း ဟုတ်ရိုးမမှတ်လေနှင့်။ စကားဆိုချင်စိတ်ကလေးလည်းရှိ ဆိုစရာ အကြောင်းကလေးလည်း ကြုံလာလျှင်ဖြင့် "အလှည့်သင့်ချက်ပိုင်၊ ကြက်ကန်းခွပ်လို့ ပွဲကျွတ်အောင်နိုင်သေးသပ" ဆိုသည့် အမေကြီးပါပေ။

"မိန်းမတွေနှယ်။ တယ်လည်း လှချင်ကြသကိုးအေ့။ ဖင်ပွန်းမယ့် ထမိန်မျိုးညည်းတို့မို့ တမက်တမောဝယ်ချေရဲ့။ တို့အမေများကတော့ တို့ကို ထမိန်ဝယ်ပေးရင်တောင် ဖျင်ထည်ကိုပဲ ရွေးဝယ်ပေးတာ။ ဖျင်ထည်ရွေးတာတောင် ပြီးစလွယ်မှတ်လို့၊ ချည်သား ကျစ်ရဲ့လား၊ အထည်သား မာရဲ့လား၊ အသားအနား သေသပ်ရဲ့လား၊ ကွက်ကျော်ပင်ကျော်တွေနဲ့ ချည်သားပြုတ်ထနေသလား၊ ရေချလိုက်ရင် ချည်သားကျုံ့သွားမလား ရွဲလာမလားကအစ သေချာရွေးပေးတာကောအေ့။ ရွာထဲမယ် ရက်ကန်းကျတွေလည်းပေါတော့ ရွေးပါလေ့ချယ်ပါလေ့။ ဟော ထမိန်များဝတ်တော့ သားရေဖင်ထိုင် တစ်ဖက်လှနဲ့ ဝတ်ရတယ်မမှတ်နဲ့။ အသားအနား အဆွေးအပွန်းညီအောင် လှည့်ဝတ်ရသအေ့။ တစ်နေ့ ပုဆိုးသုံးခါလဲလို့တောင် ဆိုသမှုတ်လား။ ညည်းတို့များကျ ဟုတ်ပေါင်။ အလှဘက်ချည်း ရှေ့မှာထားတော့ နောက်ဘက်ခြမ်းက မယ်ကြော့အိမ်တိုင်လို "ခြေမခိုင် ခွေယိုင်လို့ လဲပေလိမ့်" ဆိုတဲ့ကိန်းမျိုးအေ့ သူကောင်းစားမတို့ရဲ့"

အမေကြီးမျက်စိမြင်စဉ်က သူ့ရှေ့များ ခေတ်ကာလ အဝတ်အထည်လေး ဝတ်ပြီး ဟန်မပြမိစေနှင့်။ ဝတ်မိသည်နဲ့ အမေကြီးနဲ့ တွေ့ရတော့သည်။ ဟုတ်လည်း ဟုတ်ပေသည်။ တစ်ဖက်လှထဘီတို့၊ ရှေ့ခြမ်းလှ နောက်ခြမ်းလှဆိုသည်မှာလည်း အမေကြီးပြောမည်ဆို ပြောချင်စရာပင်။ တစ်ခါသားလည်း မြို့ကပြန်လာတဲ့ ကိုဖိုးကြွက်ကို ဆိုလိုက်ပုံများ ရစရာပင်မရှိ။ ကိုဖိုးကြွက်မျက်နှာကြီးခမျာ သံချေး
mgyoe.com

mgyoe.com
SAMPLE BOOK

ရောင် လိုက်ရချေ၏။ ကိုဖိုးကြွက်ကလည်း ဆိုချင်စရာပါပေ။ မြို့ကြီးကျဆိုတော့ ဂျင်းဘောင်းဘီရှည် ကွတတကြီးကို ဝတ်ထား၏။ အရပ်ပုပုပျပ်ပျပ်နဲ့ ဘောင်းဘီရှည်နဲ့ဆိုတော့ မည်သို့မျှ အမြင်မတင့်တယ်။ အင်္ကျီမှာလည်း တိုးလို့တွဲလောင်း အမျှင်အစတွေက တန်းနေသေးသည်။ မျက်နှာမှာလည်း စနိုးတွေကို အစက်စက် အပြောက်ပြောက် မွမ်းမံထားသေး၏။ မျက်လုံးက ပြူးရသည့်အထဲ စနိုးတွေကြောင့် မျက်နှာပါပြာနေသည်။

"ဟဲ့ကောင် မောင်ဖိုးကြွက်။ မင့်နှယ့်ကွယ် မျက်နှာမှာလည်း သနပ်ခါးတွေ အစက်စက်အရက်ရက်နဲ့ ဇီးကွက် ပျားတုပ်ထားသလိုပါပဲလား။ အင်္ကျီကဆိုတော့ လည်းကွယ် ကြိုးစကြိုးနတွေ ဖိုသီဖပ်သီနဲ့ မှင်စာ ချည်မန်းကွင်းစွပ်ထားတာနဲ့တောင် တူသေးရဲ့"

ကိုဖိုးကြွက်လည်း အမေကြီးနဲ့မှ တွေ့ရချေရဲ့လို့သာ အောက်မေ့ရတော့သည်။ ကိုဖိုးကြွက်ခမျာ မအီမလည်နှင့် ခံရခက်ရှာသည့်တိုင် အမေကြီးကို သက်ကြီးဝါကြီး ငယ်ကြောက်ရယ်မို့ နှုတ်လှန် မထိုးဝံ့ရှာပေ။ "အရီးနှယ့်ဗျာ. . . " ဆိုတာ လောက်ဖြင့်သာ ရှက်ရှက်နဲ့ ရယ်သွမ်းသွေးပြီး အိမ်ထဲဝင်ပြေးရှာလေ၏။

အဲသလို အမေကြီးပါပေ. . . ။

❑

*"အိုမှုကိုသာ ကြုံလာပြန်တယ် သုံးဘုံနယ်ထဲမှာxxx နာမှုကိုသာကြုံလာပြန်တယ် သုံးဘုံနယ်ထဲမှာxxx သေမှုကလည်းကြုံလာပြန်တယ် သုံးဘုံနယ်ထဲမှာxxx မထွက်ဘဲ စက်ဝဲဘာကြောင့်ကြာxxx ခင်တွယ်စရာxxx ဆင်ခြင်စဉ်းစားပါxxx မရိပ်မိလို့ ဒိဋ္ဌိတစ်ငါငါ မထွက်ဘဲ စက်ဝဲဘာကြောင့်ကြာxxx"*

တစ်ခါတလေကျပြန်တော့ အမေကြီးထံမှ ရှင်သန်နေရသည့်အဖြစ်ကို ငြီးငွေ့သံလေးတွေ တစ်စွန်းတစ်စ ကြားရတတ်သည်။ အသက်ကိုးဆယ်ကျော်သည်အထိ လောကဓံကို ခေါင်းမော့တော်လှန် ခါးဆီးခံခဲ့ရသမျှ လောကဓံကြောမှာ အမေကြီး မောရှာပြီထင်ပါသည်။ စက္ခုနှစ်ကွင်း အလင်းမရသည့် ဘဝကြီးမှာ အမေကြီး မပျော်ပိုက်ရှာတော့ပြီ ထင်၏။ သားသမီးတွေက ယာထဲကိုင်းထဲဆင်းတော့ အမေကြီး တစ်ယောက်တည်းသာ ကျီးစောင့်ကြက်နှင့် အိမ်မှာကျန်ရရှာသည်။ တိုးတိုးဖော်မရှိ။ ကျယ်ကျယ်ဖော်မရှိ။ တပိုတပါးသွားတာကအစ ကိုယ့်ကိစ္စကိုယ်ပြီးရရှာ၏။ သို့ပေသိ တပိုတပါးအခင်းမှာ သမီးများက မကူညီကြ၍ဖြင့် မဟုတ်။ အမေကြီး ကိုယ်၌က ငြင်းဆန်ခြင်းပင်ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"အကူမလိုပါဘူးအေ့။ ငါ့အိမ်ငါ ဘယ်နေရာဘာရှိတယ်ဆိုတာ အလွတ်ရပ့်။ ငါ့ကိစ္စကြီးငယ်အခင်းလည်း ငါနိုင်ပ့်။ ဘေးလူပါရင်သာ ငါက အားမရတာ။ မြွေမှန်ရင် တွင်းဝင်ဖြောင့်တာပဲမှတ်လား။ ငါ့အိမ်ငါ့အခင်း ငါ့ကျင်းငါ့အသိုက်တော့ ဖြင့် တောင်ဝှေးတစ်ချောင်းရှိရင် ခရီးပေါက်ပ့်ါအေ"

သည်တော့လည်း ကူချင်ပေသိ လက်လျှော့ကြရသည်။ အမေကြီး ပြောသည်မှာလည်း အဟုတ်ပင်။ အကူပါသည်ကမှ ကမောက်ကမ ဖြစ်သေး၏။ သူ့ဟာသူဆိုလျှင်ဖြင့် လိုရာခရီး အတိပြီးလေသည်။

"အမေက အသက်ရှည်တာလည်းမပြောနဲ့ကွဲ့။ ညထမင်းမစားတာလည်း နှစ်ပေါင်းနည်းတော့တာမှတ်လို့။ ဒါပေမဲ့ မနက်လင်းရင်တော့ မုန့်ပျားသလက်နဲ့ ဘယာကြော်လေးသုံးတွဲတော့ စားလိုက်ရမှ။ နေ့လယ်စာဆို ဝက်သားချက်ကလေး ပါမှ စားမြိန်တာ။ ငယ်ငယ်က ဒိုးဒိုးဒေါက်ဒေါက် လုပ်ခဲ့သမျှတွေကလည်း အသက် ရှည်ကြောင်း အထောက်အပံ့တွေ ထင်ပါရဲ့။ အသက်ရှည်ချင်သူများကျလည်း ကြံဖန်ပြီး သက်တမ်းဆန့်သကိုး ငါ့မြေးရဲ့။ အမေဖြင့် တစ်ခါသား သေပြီအောက်မေ့တာ"

အမေကြီးက သူကြုံခဲ့ရသည့်အဖြစ်ကို ပြောပြသည်။ အဲဒီအချိန်က ကျွန်တော် ကျောင်းတက်နေသည့် ကာလမို့ မသိခဲ့ရ။ နောက်မှ အဒေါ်တွေပြောပြ၍ တဆင့် ကြားခဲ့ရသည်။ တကယ့်ကို ကံသီပေလို့ အမေကြီး သေကံမရောက်ခဲ့လေ ခြင်းလို့သာ မှတ်ပိုက်ရတော့၏။ ဖြစ်ရပုံက ဒီလို။ အမေကြီးသည် နွားစာစည်း(နွား စာတိုက်)အောက်ရှိ ခုတင်ပေါ် ဝယ် အိပ်နေချိန် ဖြစ်သည်။ ကျွန်တော်တို့အရပ်ဒေသ မှာ တောင်သူမှန်လျှင် နွားစာစည်းတစ်ဆောင်တော့ ရှိရစမြဲ။ နွားစာစည်းဆိုသည်မှာ တစ်နှစ်စာ တစ်နွေစာ နွားစာတွေဖူလုံဖို့ စက်စဉ်းပြီးသား ပြောင်းရိုးမှော်၊ နှမ်းရိုးမှော်၊ ပဲရိုးမှော်တွေကို သိုလှောင်ရသည့် ခြေတံရှည်တဲတိုက်ကြီး ဖြစ်သည်။ သည်နွားစာ စည်းအောက်မှာ နွားလည်း ချည်နိုင်သကဲ့သို့ ခုတင် တန်းလျားချပြီး လူလည်း နေနိုင် အိပ်နိုင်၏။ အညာနွေက ပူလွန်းသည့်အတွက် ခိုစရာနားစရာ အေးရိပ် ဆာယာ တစ်ခုပင်။ အမေကြီးက ထိုနွားစာစည်းအောက်ရှိ ခုတင်ပေါ် တွင် လှဲနေရာ မှ လှိမ့်လိုက်ရာ၊ ခုတင်အောက်သို့ ခွေခွေလေးပြုတ်ကျသည်။ တိုက်ဆိုင်စွာပင် ကျွန်တော့်ဦးလေးက နွားလှည်းနဲ့ ယာကပြန်လာချိန်။ လှည်းက အိမ်ဝိုင်းထဲအရောက်၊ ဦးလေးက နွားချွတ်ဖို့ရန် လှည်းပေါ် ကအဆင်းတွင် နွားနှစ်ကောင်သည် ဖြုန်းခနဲ နွားစာစည်းအောက် ဝင်ပြေးလေသည်။ လှည်းကြီးသည် နွားနှစ်ကောင်၏နောက်မှ

mgyoe.com

mgyoe.com SAMPLE BOOK

တန်းလန်းပါလျက်သား။ နွားစာစည်းအောက်မှာက ခုတင်ပေါ်က လိမ့်ကျနေသည့် အမေကြီး။ တွေးကြည့်ရုံနှင့်ပင် ကြက်သီးမွေးညင်း ထမိသည်။ နွားတွေကများ ခွာနဲ့ နင်းချလိုက်လေမလား။ လှည်းဘီးကြီးတွေကပဲ အမေကြီးရဲ့ကိုယ်လုံးသေးသေး လေးကို ဖိကြိတ်ချလိုက်လေမလား။ မျက်စိထဲမြင်ယောင်ကြည့်ရင်း အမေကြီးကို လွန်စွာ သနားမိတော့သည်။

"ကံသီပေလို့ပေါ့ကွယ်။ နွားတွေများ သိတတ်ချက်တော့။ အမေ့နား ရောက်တော့ တုံ့ဆို ရပ်သွားကြတာ။ အမေက လှည်းဘီးနှစ်ဘီးကြားက လှည်း ဆောင်ပန်းအိမ်အောက်မှာ ခွေခွေလေးပေါ့။ ဒွေးချိုတို့မယ် အော်လိုက်ရတာများ အသံတွေတောင် ပျာတယ်"

ဟုတ်ပေလိမ့်မည်။ ကျွန်တော်ပင် အကြားနှင့် ထူပူနေမိသည်။ အမေကြီး သည် ရှေ့ရက်ထဲမှာလည်း ငှက်သိုက်သောက်ရင်း သီးပြီး မေးလို့ခေါ် လို့မရ ဖြစ် သွားသေး၏။ တော်တော်လေး ဝိုင်းလိုက်ဝန်းလိုက်ကြရသေးသည်။ အသက်ရလာ ခြင်းနဲ့အတူ ရှင်သန်ရခြင်းကို စိတ်ကုန်လာခြင်းအပြင် အတူနေ သားသမီးတွေက မောင်နှမချင်း မသာမယာရှိကြသည့်အခါ အမေကြီးပိုလို့ပင် စိတ်ထွေပြားရဟန် တူသည်။

*"ဒုက္ခတွေပွေမကင်းxxx သေမင်းက မခေါ်xxx (ခေါ်လှည့်ပါတော့ သေမင်းရှင်ရယ်)xxx နေ့ချင်းပင် ရောက်ဖူးချင်လှလေးxxx"*

သည်အဆိုက အမေကြီးစိတ်ထွေတိုင်း ဆိုနေကျ ဟစ်နေကျ။ အမေကြီး မည်သို့ပင် ဆိုညည်းစိတ်ကုန်စေကာမူ "အမေကြီးက အသက်ရာကျော်ရှည်မယ့် သူပါ" လို့ ကျွန်တော်က အမြဲတစေ အခါတော်ပေးတတ်သည်။ သို့ပေသိ တစ်ခါ တစ်ရံတွင်လည်း ကျွန်တော့်တာသာ တွေးမိသည်။ "ငါသာ အမေကြီးအရွယ်ရောက်ရင် အမေကြီးလိုပဲ ခံစားရလေမလား" ဟူသည့် သံသယ အတွေးပင်ဖြစ်၏။ လောက အကြောင်း စေ့စေ့တွေးကြည့်မိပြန်တော့လည်း အမေကြီး စိတ်ကုန်မည်ဆိုက စိတ် ကုန်လောက်စရာပင်။ အသက်တစ်ရာမနေရသော်လည်း အမှုတစ်ရာပွေရသည့် လောကကြီး မဟုတ်လား။ စိတ်မထားတတ်လျှင် မည်သို့မျှ နေပျော်စရာ မရှိပေ။

❑

"ငါ့ညီမကြီး ရှင်မိအုံးကို စဘောဘက်မလာတာ ကြာပါပကော။ သည်မိန်းမ တယ်ပြီး မကျန်းမာလေတော့သလား မသိပေါင်။ ခါတိုင်းဆို တစ်နှစ်တစ်ခေါက်တော့ ပုံမှန်ရောက်နေကျရယ်။ မယ်မင်းကြီးမ ကျန်းမာချမ်းသာပါစေ။ အမိဂုဏ် အဖဂုဏ်

mgyoe.com

mgyoe.com SAMPLE BOOK

ရတနာသုံးပါးဂုဏ်ကြောင့် ကျန်းမာပကတိ ချမ်းသာစွာရှိပါစေတော်”

ရုံဖန်ရံခါတော့ အမေကြီးစိတ်တွေက သူ့ညီမများထံရောက်တတ်သည်။ ဖိုးကျော်သိန်း၊ ဖိုးကျော်ရှိန်း၊ မယ်မုန်း၊ မယ်ပြုံး၊ မယ်အုံး၊ မယ်နက်၊ မယ်ထွေး ဆိုတဲ့ မွေးချင်းတွေထဲမှာ အမေကြီးအပြင် အမေနက်နှင့် အမေထွေးသာ ကျန်တော့ သည်။ အမေအုံးသည်ကား တလောကပဲ ဆုံးရှာပြီ။ ဒါကို အမေကြီး မသိချေ။ ကျွန်တော့်အဒေါ်တွေကလည်း အမေကြီးကို တမင်မပြောကြခြင်းပင်။ သည်အပေါ် စိတ်စိုက်သွားမှာ စိုးကြ၍ဖြစ်သည်။ အမေအုံးက ကျွန်တော်တို့စဘောရွာ၏ အနောက် ဘက်ရှိ ယောနယ်စပ် ဂဝံလေးတိုင်ရွာတွင် နေသည်။ နှစ်ရွာ မဝေးလှသော်လည်း စီကောင်းတောင်တန်းကြီးက တံတိုင်းသဖွယ် ဆီးတားကာရံထားသဖြင့် ထင်သ လောက်မနီး။ လာချင်တိုင်းမလွယ်။ သွားချင်တိုင်း ခရီးမပေါက်။ သည်တော့ ညီအစ်မနှစ်ဖော်ခမျာ ကမ်းပါးယံကာဆီး ခရီးဘယ်မမြင် နီးမယ်မထင် ဖြစ်ကြရ တော့၏။ တစ်သက်တာဝေးခဲ့ကြပြီ ဆိုတာကိုတော့၊ ကျွန်တော်တို့ မပြောသရွေ့ အမေကြီး သိတော့မည်မထင်။ အမေအုံး မရှိတော့ကြောင်းသာ အမေကြီးသိလေ လျှင် ရင်ကိုစည်နှယ်၊ ရိုက်လှယ်ခတ်တီး၊ ငိုကြီးချက်မ၊ ချုံးပွဲချလေမည်လား။ သို့ တည်းမဟုတ် ဓမ္မတုတ်ဖြင့်၊ ရိုက်ပုတ်ဆုံးမ၊ သံဝေဂနဲ့ ရှုမည်လော။

ကျွန်တော့်ငယ်ဘဝတွင် ဖက်တွယ်ကြီးပြင်းခဲ့ရသူတွေဆိုလျှင် ကျွန်တော့် အဖေ မဟုတ်။ ကျွန်တော့်အမေလည်း မဟုတ်။ ကျွန်တော့်အမေကြီး အမေပြုံးနှင့် ကျွန်တော့်အဒေါ် နှစ်ယောက်ပင် ဖြစ်သည်။ သူတို့ရဲ့ မြေးချော့တေး၊ တူချော့တေး တွေနဲ့သာ ကြီးပြင်းခဲ့ရပြီး၊ သူတို့အဆုံးအမတွေ၌သာ တည်ခဲ့ရသည်။ အမေကြီးတို့ ဆင်သလို ဝတ်၍၊ အမေကြီးတို့ကျွေးသလို စားသောက် နေထိုင်ခဲ့ရသည်။ အမေကြီး တို့၏ ကျေးဇူးတွေသည်လည်း ကျွန်တော့်အတွက် “မြင်းမိုရ်ပမာ၊ မန္တိုင်းသာလည်း၊ မှန်စွာအဟုတ်၊ ဂိဇ္ဈကုဋ်နှယ်” ပင်။ အမေကြီးတို့မေတ္တာရိပ်ကား အေး၏။ အမေကြီး တို့စေတနာရိပ်ကား နွေး၏။ အမေကြီးတို့သည် ကျွန်တော့်အပေါ် တွင် မိဘတမျှ ဝတ်ကျေခဲ့ကြ၏။ ကျွန်တော့်ဘဝ၏ “ငယ်ပေါင်းများ” ဖြစ်ခဲ့ကြ၏။ သို့သော်လည်း ကျွန်တော်သည်ကား အမေကြီးတို့အတွက် “ကြီးဖော်” ဖြစ်မပေးနိုင်ခဲ့ချေ။ ကျောင်း နေအရွယ် လွန်မြောက်သည်နှင့် ဝန်ထမ်းနယ်ပယ်ထဲ ဝင်ရောက်ခဲ့ရသည်။ သည် တော့ အမေကြီးတို့နှင့် အတူနေရသည့်အချိန်က ရှားပါးလာသည်။ ကျွန်တော့် တီတာတာတာ စကားတွေကို မညည်းညူစတမ်း နားထောင်ပေးခဲ့ကြသူများအတွက်၊ သူတို့ရဲ့ နှောင်းအတိတ်က ဟောင်းအရိပ်တွေကိုဖြင့် ကျွန်တော် တစ်ပြန်တစ်လှည့်

mgyoe.com

mgyoe.com SAMPLE BOOK

ခံစားပေးချိန် မရခဲ့ပေ။ ကြုံလျှင်တော့ သွားသည်။ ဆုံလျှင်တော့ အမေကြီးရဲ့စကား တွေကို လိုလိုချင်ချင် နားထောင်မိသည်။ ယခုစာစုကို ရေးရင်းနှင့်ပင် အမေကြီးကို အောက်မေ့တသမိချေ၏။

"အမေကြီးတို့ ငယ်ငယ်ကဖြင့်ကွယ် လုပ်လိုက်ရတဲ့ အလုပ်တွေများ စုံနေတာပါပဲ။ ကွန်းချောင်းထိ ခြေကျင်တက်ပြီး ထည်ကိုရောင်းခဲ့ကြရတာ။ ထမိန် ခါးစောင်းတင်တဲ့ပြီး အချိန်တစ်ဆယ်လောက်ရှိတဲ့ ထည်ကိုတောင်းကို ခေါင်းရေ ကျိန်းအောင် ရွက်ပြီးရောင်းခဲ့ရတာကွဲ့။ ခရမ်းချဉ်သီး ပေါ်ချိန်ရောက်တော့လည်း ရောင်းရတာပါပဲ။ သည်နေ့ ယာထဲဆင်းပြီး ခရမ်းချဉ်ကောက်ရင် နောက်နေ့ မြစ် ခြေဈေး တက်ရောင်းကြရတာပေါ့။ မြစ်ခြေက ငါးရက်တစ်ဈေးဆိုတော့ ဈေးဖိတ်နေ့ ဆို ခရမ်းချဉ်ကောက်ကြရပြီ။ ဈေးနေ့မှာ ဈေးထဲအရောက်သွင်းကြရသကိုး။ ခရမ်း ချဉ်သီးရောင်း ထွက်မယ့်နေ့ဆို မနက်ဝေလီဝေလင်းက ထကြရတာကလား။ လှည်း ကြုံရင် လှည်းနဲ့လိုက်၊ လှည်းမကြုံတော့ ခြေကျင်လျှောက်ကြရတာ။ လှည်းကြုံဆို ပေသီ ခရမ်းချဉ်သီးတောင်းကြီးတွေကသာ လှည်းစီးကြရတာရယ်။ တစ်လှည်းလုံး ခရမ်းချဉ်သီးတွေနဲ့ ပြည့်နေတော့ လူမစီးသာတာကြောင့် လှည်းနောက်မြီးဆွဲပြီး လိုက်ကြရတာက ခပ်များများရယ်"

အမေကြီးပြောသည့် ဘဝအမောတွေက ကျွန်တော့်အဖို့ နားရည် ဝလှပါ ပြီ။ ခင်ပွန်းဖြစ်သူ ဘနန်းမောင်နဲ့ ဒိုးတူဘောင်ဖက် ရုန်းကန်ခဲ့ရပုံတွေ၊ သားသမီး ဆယ့်တစ်ယောက်ရဲ့ဝန်ကို ကျွဲပခုံးထအောင် ထမ်းခဲ့ရပုံတွေဟာ အမေကြီးရဲ့ဘဝ ဒဏ်ရာတွေလို့ပင် ဆိုရခြိမ့်မလား။

"အမေကြီးကဖြင့် ခရမ်းချဉ်ကောက် ငရုပ်ကောက် ဝါကောက်တင်မက ပေါင်။ ဗိုင်းငင် ချည်သေ့လည်း လုပ်ရတာပဲ။ တစ်ခါတလေများ ထွန်ဦးစီး မကျန်းမာ တဲ့အခါ ကိုယ်တိုင် ထွန်ရေးငင်ပစ်လိုက်သေးတာ။ ပြောင်းခုတ် ပဲပုတ်လည်း မကျန် ရပေါင်။ သည်ကပြန်လာလို့ အိမ်ပြန်ရောက်တော့ နားရတယ်မမှတ်နဲ့။ စားမှု စားတာအတွက် စားဖိုချောင်ဝင်ရပြန်ရော။ သမီးများက ချက်ထားရင် အရန်သင့် ခူးစားရုံပေမင့် ချက်မထားကြပြန်တော့ ကိုယ်တိုင်ဝင်ရပြန်သကိုး။ မင့်အဘနဲ့ အမေကြီးနှစ်ယောက်အပြင် သားသမီး ဆယ့်တစ်ယောက်အတွက် ချက်လိုက်ပြုတ် လိုက်ရတာများ မီးခိုးလုံးဆိုတာ အူနေတာပဲ။ မျက်ခုံးမွေးတောင် ကြပ်ခိုးစွဲရဲ့။ သည်မိသားစု အုပ်အင်နဲ့ စားလိုက်တော့သာ ပြိုက်ခနဲမြိုက်ခနဲ သွန်ပစ်လိုက်သလို ကုန်သွားတာရယ်။ ချက်လိုက်ပြုတ်လိုက်ရတာကျတော့ ပြီးနိုင်တယ်မရှိပေါင်။

mgyoe.com

mgyoe.com SAMPLE BOOK

မီးဖိုဆိုတာများ မီးမသေ ပြာမအေးနိုင်အောင် နေ့မီးညမီး ဆက်နေတော့တာ”

ဒါသည်ပင် ဘဝလေလား။ အမေကြီးတို့ ငယ်ဘဝကား မိသားစု တစ်အုပ်တစ်မကြီးနှင့် ပင်ကိုင်းခက်ခက်၊ ရိုးညွှာယှက်၍၊ စိမ်းရွက်ရည်မြ၊ ပွင့်ပေါင်းခခဲ့ကြပေမည်။ ပင်ဦးထက်ယံ၊ ကိုင်းညွှာတံဝယ်၊ ချိုသံစုံကြူ၊ ကျေးငှက်စုံလည်း မြူးခဲ့ကြပေလိမ့်မည်။ လေလှိုင်းအပုတ် ကိုင်းအလှုပ်မှာတော့ ပွင့်နုပ်ပွင့်ကြီး အသီးသီးတို့သည်ကား တလွင့်လွင့်ကြွေ တမြေစီခ ခွဲထွက်ခဲ့ကြပြီ။

“အမ(အမေ)ဆီကို ပြန်ခဲ့ကြပါဦး ငါ့သားတို့ရဲ့။ မင်းတို့နှယ် နေနိုင်ရန်ကောကွယ်” ဆိုသည့် အမေအိုကြီး၏ သားခေါ်တေးသံသည် ဘယ်လောက်များ ဆွေးမြေ့စရာကောင်းလိုက်ပါသလဲ။ ရန်ကုန်မှာနေသည့် အရီးကောင်း၊ အရီးပေါ (သားဖြစ်သူများ)တို့နဲ့ အမေကြီးဖုန်းပြောလေတိုင်း သည်သို့ခေါ်မြဲ။ ကျွန်တော့် နားထဲဝယ် “စလယ်ဝင်အိုး” သီချင်းလေးကိုသာ ကြားယောင်မိတော့၏။

❑

“မင့်အဘက လူချိုကွဲ့။ သောက်လာလို့များ မူးလာရင် သီချင်းကလေး တစာစာနဲ့ရှိတာကလား။ မကြည်သာလို့ စကားအချေအတင် ဆိုကြတော့လည်း ငါတစ်သီး ငါတကား ဆိုချေတာမဟုတ်ဘူး။ သူအမြဲ သုံးတဲ့ စကားတော့ရှိသကွေ့။ သူက နန်းမောင်ဆိုတော့ စနေသား။ အမေက နာမည်ကသာ မိပြုံး၊ အမှန်က တနင်္ဂနွေသမီးရယ်။ ရန်များဖြစ်ကြပြီဆို ‘သေနာမ ဂဠုန်၊ ငါ့ကို နဂါးဆိုပြီး သုတ်ဖို့ ချောင်းချောင်းနေတာ။ တစ်နေ့မှ သင်းတောင်ပံကို ရိုက်ကိုချိုးထားဦးမှာ’ တဲ့”

ဒီစကားကိုပြောချိန်တွင် အမေကြီး၏မျက်နှာသည် မပြုံးတုံ့တုံ့၊ ပြုံးတုံ့တုံ့ ရှိလေ၏။ ကျွန်တော် နှစ်နှစ်သား သုံးနှစ်သားလောက်မှာပဲ ဘနန်းမောင် ဆုံးရှာလေတော့ ဘနန်းမောင်အကြောင်းကိုဖြင့် မှတ်မှတ်ရရရှိလောက်အောင် မမီခဲ့ပေ။ အမေကြီးနဲ့သာ ယခုထိတိုင် မဖိတ်မစင်နေရခြင်းပင်။ အမေကြီးသည် ရှေးဟောင်းနှောင်းဖြစ်များပြောရလျှင် မိန့်မော်နေတတ်သည်။ စိတ်ပါလျှင် ရပ်အကြောင်း ရွာအကြောင်းလည်း ပြောသည်။ ယာအကြောင်း ကိုင်းအကြောင်းလည်း ပါသည်။ ရှေးလူကြီးတွေအကြောင်းလည်း စွက်သည်။ ကျွန်တော် စိတ်ဝင်စားသည်က စီကောင်းတောင်တန်းကြီး အကြောင်းပင်။ သည်တောင်တန်းမှာ ပျော်စံကြသည့် ပုဂ္ဂိုလ်ထူးများအကြောင်း၊ တောင်တန်းပေါ်က ထူးမြတ်ဂုဏ်ကြွယ်သည့် နေရာတွေ အကြောင်းများ အမေကြီးပြောလျှင်၊ ကျွန်တော့်အဖို့ ပြောသမျှ အဟောဝတ္ထု သဘောကျစရာချည်းပါပေ။

mgyoe.com

mgyoe.com SAMPLE BOOK

"တို့စဘေတကြော အလှူအတန်းများ လုပ်လို့ကတော့ဖြင့် ရှင်လောင်းဝတ်၊ နားထွင်းဝတ်ဆိုတာ တခြားသွားငှားစရာ လိုတာမှတ်လို့။ ပေပင်ချောင်ဘက် တစ်ရက်ကြိုသွားပြီး အုန်းငှက်ပျောပွဲထိုး လျှောက်ရုံပဲ။ ဝတ်စုံ ဘယ်ရွေ့ဘယ်မျှ လိုချင်ပါသပေါ့။ လက်ဝတ်တန်ဆာ ဘယ်အတိုင်းဘယ်အဆ ငှားချင်ပါသပေါ့။ မမေ့မလျော့ ပြန်အပ်ပါ့မယ်ပေါ့။ သည်လို ပွဲထိုးလျှောက်ပြီး နောက်နေ့သွားလိုက်ရင် ဟောတော် လိုသမျှ ပုံလို့တဲ့။ နောက်ပိုင်းတော့ လူတွေက ကတိမတည် သစ္စာမရှိကြလေတော့ ပဒေသာပင်ကန်းပါရော့လား။ နောက်တစ်နေရာက စက်စက်ကျဆိုတာ ရှိသေးတယ်။ ကျောက်ကမ်းပါးကြီးကနေ ရေတစ်စက်ချင်းကျနေတဲ့နေရာပေါ့။ အောက်က ရေအိုင်လေးထဲမတော့ ကျောက်စက်ရေတွေဟာ ကြည်လို့လဲ့လို့။ တစ်စက်ချင်း ကျပေသိ သောက်ချင်သလောက်သောက် ကုန်တယ်ခန်းတယ်ရှိတာ မဟုတ်ဘူး။ ပုဂ္ဂိုလ်မကြိုက်တဲ့သူများ ခပ်သောက်မိရင်တော့ အိုင်ငယ်ထဲကရေဟာ အလိုလိုခန်းကရော့တော်"

ဤအကြောင်းခြင်းရာများသည် အမေကြီးပြောခဲ့သည့် ကျွန်တော်၏ အိပ်ရာဝင်ပုံပြင်တွေပင်။ နတ်ထူးချောင်ထဲက ရေထူးကြီးက ဝါးတစ်ထောက်လောက် နက်တဲ့အကြောင်း၊ ရုံဖန်ရုံခါ ဧရာမမြွေကြီးတစ်ကောင်သည် သည်နတ်ထူးကြီး၏ အနောက်ဘက် ကျောက်ကမ်းပါးယံတွင် အမြီးတင်ပြီး၊ နတ်ထူး၏ အရှေ့ဘက် ကမ်းတွင်မူ ခေါင်းတင် ပါးပြင်းထောင်လျက် ခါးလယ်ပိုင်းဖြင့် နတ်ထူးရေပြင်ကြီးကို တပြန်းပြန်းမြည်အောင် ပုတ်လွှဲပြတတ်ကြောင်းတွေဟာ ကျွန်တော့်အဖို့ မရိုးနိုင်သည့် ကျောစိမ့်ဖွယ်ရာ ဒဏ္ဍာရီများ ဖြစ်ခဲ့ရသည်။ နတ်မြွေကြီးစိမ်နေတတ်သည့် ငန်းစိမ်ထူးအကြောင်း၊ ခြေတော်ရာတစ်စုံရှိသည့် နွယ်ချိုတောင်အကြောင်းတို့သည်လည်း ကြားသမျှ နားမဝ,စရာတွေချည်း။ "နွယ်ချိုတောင်ထိပ် ဂငူ့ြန်အိပ်၊ အိပ်သည့်ဂငူ့ြန် ဖော်မစုံ ၊ ဂငူ့ြန်အဖော် ဆင်ဖြူတော်" ဆိုသည့် သိုက်စာလိုလို တဘောင်စကားလိုလို မှတ်သားဖွယ်တွေ၊ "ပေကိုးပင်၊ ဆင်ကိုးစီး၊ လိပ်ကိုးလုံး" ဟူသော ပေပင်ချောင်သမိုင်းတွေကလည်း ကျွန်တော့်အဖို့ ကြားပြီးသော်မှ အားမရစရာများပင်။

"တို့ရွာမှာ မချော် ဆိုတဲ့အပျိုကြီးတစ်ယောက်ရှိဖူးသကွဲ့။ ခမျာများ အပျိုကြီးပီပီ တယ်လည်း အရှက်အကြောက်ကြီးရှာတာကိုး။ ရေလည်း အင်မတန်ကြောက်တာကလား။ စဘေဆည်ကြီး ပေါက်တော့မယ်ဖြစ်တော့ မချော်က ဆည်ပေါက်တဲ့အထဲ ပါမှာကြောက်ပြီး အမေကြီးတို့ရဲ့ စဘေအလယ်စုကနေ အရှေ့စု

mgyoe.com

mgyoe.com SAMPLE BOOK

ဘက်တောင် ပြောင်းသွားတာတော့။ ဒါပေမဲ့ သင်းခမျာ ရေနစ်ပြီးသေခဲ့ရတာပါပဲ။ သမဆိုင်မှာ ဆန်ထုတ်ရင်း ထဘီကျွတ်ကျရာက ရှက်လှချေရဲ့ဆိုပြီး ရေတွင်းထဲ ခုန်ချပြီး သေကြောင်းကြံခဲ့တာပါ့ပဲ"

သည်လိုအကြောင်းတွေလည်း ပါတတ်သည်။ အမေကြီး ပြောသည့် အမေချော်အကြောင်းကို နားထောင်မိတော့ ဟီရိုဩတ္တပ္ပတရား ကြီးမားလွန်းလှတဲ့ ရှေးမြန်မာ အမျိုးသမီးကြီး၏အကြောင်းကို ရင်နင့်စဖွယ် သိရပြန်၏။ ယနေ့ ခေတ်ကာလ ဣတ္ထိယတို့နှင့်ပင် နှိုင်းယှဉ်စံထိုးမိပြန်သည်။ ခေတ်ကိုအကြောင်းပြုပြီး အမိနဲ့သား၊ အဖနဲ့သမီး၊ နှမနဲ့မောင် အတူယှဉ်၍ မရှုဝံ့စရာတွေ တစ်နေ့တခြား များလာကြသည်။ ထားပါလေ။ ဤသည်မှာ အမေချော်နဲ့ပတ်သက်ပြီး ဆက်စပ်တွေးမိသည့် ကျွန်တော့်အတွေးသက်သက်ပါပေ။ သူတို့လည်း သူတို့အကြိုက်ပေ ကိုး။ တစ်စရိုက် တစ်ဘာသာမို့ ဂါထာတစ်သီး မန္တာန်တစ်သွယ်လို့ပဲ ဆိုကြပါတော့။

❑

သည်ဘက် ရက်တွေထဲမှာတော့ အမေကြီးကို ကျွန်တော် အလွန်သနား လှ၏။ ခမျာ အသက်ကိုးဆယ်ကျော်ကာမှ စစ်မီးတောက်ကာလနဲ့ ကြုံရပြန်သည်။ ငုတ်တုတ်ထိုင်ရာကနေ ဖင်ဒယဉ်ဆွဲ သွားနိုင်ရုံကလွဲ၍ အကူမပါဘဲ လမ်းမလျှောက် နိုင်သည့် အမေကြီးသည်၊ လှည်းကြမ်းကိုစီးပြီး တောကြီးလျှိုမြောင်အတွင်း ရှောင် တိမ်းရပြန်ပြီ။ သားသမီးများ၏ အိမ်ကိုပင် "လိုက်မလည်ချင်ပေါင်ကွယ်။ မျက်စိမြင် တော့တာမှတ်လို့" ဆိုသည့် အမေကြီးသည် စစ်မီးကို ရှောင်ဖို့ရန်အတွက်တော့ သားသမီးတွေခေါ် ဆောင်ရာကို လိုက်ပါရရှာ၏။

"ငါ့ကို ဘယ်ခေါ်ကြတာတုံးဟဲ့။ ဟောတော် လှည်းပေါ် တင်နေတာလား။ လှည်းလမ်းတွေကလည်း ကြမ်းပုံပေါ်ပါ့ကွယ်။ လှည်းဆောင့်ချက်က အရိုးတွေ တောင် နာတယ်။ ဘယ့်နှယ့်ကြောင့် ငါ့ကို လှည်းပေါ် တင်ရသတုံး. . . "

အမေကြီးက လှည်းစီးလိုက်ရင်း မေးသဖြင့် သမီးဖြစ်သူများက ဖြေကြ ရသည်။ ရွာမှာ မအေးချမ်း၍ စစ်ဘေးရှောင်ရသည့်အကြောင်း၊ အပစ်အခတ်တွေ ဖြစ်လာနိုင်၍ ဘေးကင်းရာသို့ ရွှေ့ရကြောင်းတို့ကို ပြောပြရ၏။ အမေကြီး၏နှုတ် မှ လှည်းဆောင့်သဖြင့် အရိုးနာသည် အသားနာသည်ဆိုတော့ ကျွန်တော် လွန်စွာ သနားမိပြန်သည်။ ရှောင်ရတိမ်းရသည့် နေရာအရောက်တွင် လှည်းပေါ် တင်လာ သည့် ဖျာကြမ်းလေးကိုချပြီး စောင်ထူထူလေး ထပ်ခင်းကာ အမေကြီးကို နေရာချ ပေးရသည်။ တအောင့်အကြာတွင် "ငါတို့ ဘယ်ရောက်နေတာတုံးဟဲ့ မိချိုရဲ့"ဟု

mgyoe.com

mgyoe.com
SAMPLE BOOK
မေးရှာသည်။ ဒွေးချိုက "ကျုပ်တို့အိမ်ပေါ်မှာပေါ့ အမရယ်" ဟု ပြန်ဖြေတော့၊ "တို့ အိမ်ပြန်ရောက်နေပလား" ဟု တိုးလျှစွာ ရေရွတ်ရင်း သံယောင်လိုက်ရှာသည်။

အကြောပြိုင်းပြိုင်း အရိုးငေါငေါရှိသည့် လက်ချောင်းပိန်ပိန်လေးတွေကမူ အငြိမ်မနေပေ။ ဖျာစပ်မှ မြေစာခဲများနှင့် မြက်ပင်ခြောက်လေးများကို လိုက်စမ်းရင်း "ညည်းတို့ ငါ့ကို အိမ်ပေါ်မှာထားကြတာ မဟုတ်ပါဘူးအေ။ မြေကြီးပေါ်မှာ ချထားကြတာပါ" ဟု ဆိုတော့ ကျွန်တော် မျက်ရည်ပင် ဝဲမိပါသည်။ ခေတ်ဆိုးခေတ်ပျက်ကို အကြိမ်ကြိမ်ကြုံခဲ့ရသည့် ဒီအမေအိုကြီးသည် နေဝင်ချိန်အထိ မငြိမ်းချမ်းရှာသေးပါလား ဟူသော စိတ်ကြောင့် အမှန်ပင် ကြေကွဲမိပါ၏။ ရှင်ကြီးဝမ်းရော ရှင်ငယ်ဝမ်းရော ဝင်ခဲ့ဖူးသူ။ ရှင်ကြီးဝမ်းလည်း ဘုန်းမကြွယ်၊ ရှင်ငယ်ဝမ်းလည်း ဘုန်းမကြီးသည်ကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ခဲ့ရသည့် ရှေးအညာသူမကြီး။

တချို့ညတွေဆို တောထဲမှာပင် အိပ်လိုက်ကြရ၏။ အိပ်ရတယ်ဆိုပေသိ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သည်ဖြင့် မဟုတ်ချေ။ ကြက်တစ်ငိုက် တစ်ခါမှေး၊ ကြက်တစ်တွန် တစ်ရေးနိုးကြရသည်။ သည်ကြားထဲ အမေကြီးက အအိပ်အနေနည်းသည့် လူကြီးပိုင်းဖြစ်လေတော့ သန်းခေါင်လည်း စကားပြောချင်ပြော၏။ သန်းလွဲလည်း စကားဆိုချင်ဆို၏။

"အမရယ် . . . တိတ်တိတ်ကလေးနေပါ။ ဟောဟိုမြောက်ဘက်ဆီက မီးရောင်လာတာမြင်နေရလို့ စကားမပြောပါနဲ့။ ဘယ်သူဘယ်ဝါမှန်း မသိတော့ အန္တရာယ် လက်ယပ်ခေါ်သလိုဖြစ်မစိုးလို့ပါ အမရဲ့"

ဒွေးချိုက အမေကြီးနား,နား တိုးတိုးကပ်ပြောတော့ အမေကြီးအသံက ပိုလို့ပင် ကျယ်လာပြန်သည်။ "ဟေ လူလာလို့ ဟုတ်ကဲ့လား။ အချိန်မဟုတ် ဘယ်က လူလာသတုံး" ဆိုတာမျိုး မေး၏။ တစ်ခါတစ်ခါ အသံကျယ်ကျယ်နဲ့ သမ်းဝေလိုက်တာမျိုးလည်း ရှိ၏။ ညအချိန်လည်းဖြစ်ပြန်၊ တောထဲတောင်ထဲလည်း ဖြစ်လေတော့ တိုးတိုးစကားဆိုလျှင်ပင် လိုဏ်သံထွက်သည် မဟုတ်လား။

"အမနဲ့တော့ ခက်ပါသကောတော်။ တိုးတိုးနေပါပြောလို့လည်း မရဘူး။ ဒုက္ခရောက်စရာရှိရင် အကုန်ဒုက္ခရောက်ကြတော့မှာပဲ"

သည်လိုဆိုတော့လည်း ငြိမ်သွားပြန်ရဲ့။ မည်သို့ဆိုစေ ကိုယ့်အိမ်မှာ ချမ်းသာစွာ လျောင်းစက်ရမည့် အရွယ်ကြီးဖြစ်ပါလျက်နဲ့ တောထဲဝယ် မှေးမပျော်ဖြစ်နေရသည့် အမယ်အိုကြီးကား သနားစရာကောင်းလှပေသည်။ ကျွန်တော်တို့ ဝင်မကြည့်နိုင်သည့် အမေကြီး၏ ရင်တွင်းမှာရော "ဒုက္ခတွေပွေမကင်း သေမင်းက

mgyoe.com SAMPLE BOOK

မခေါ်" လို့များ ဟစ်ကြွေး ဆိုညည်းနေရှာမလား။ ဘဝ၏ ကောင်းဆိုးဒဏ်တွေကို နှစ်ပေါင်းကိုးဆယ်ကျော် မာန်ငွဲ့တင်း၊ အံခဲရင်း ခါးဆီးခံခဲ့ရသည့် အမေအိုကြီးခမျာ ယခုထိတိုင် ပင်ပန်းဆင်းရဲရရှာတုန်းပင်။ အမေကြီးတစ်ယောက်တည်းဖြင့် မဟုတ်ပါလေ။ ကျွန်တော်တို့အားလုံးသည်လည်း သံသရာဝဲသြဃစက်မှာ သောကဖက်ခဲ့ရသော ပုဂ္ဂိုလ်သတ္တဝါများပင် မဟုတ်လား။

သို့သော်ငြား အမေကြီးအတွက် ရှင်သန်ခြင်းသည် ဒုက္ခဆိုပေသိ၊ ကျွန်တော်တို့အဖို့မှာကား အမေကြီးရှင်သန်နေခြင်းသည်သာ သုခမဟုတ်လား။ ဤအစွဲသည် သမုဒယသစ္စာဖြစ်ခဲ့ပါလျှင်၊ ဤအကျိုးဆက် ဒုက္ခသစ္စာကိုးကား တမက်တမော ဖက်တွယ်ထားချင်ပါသေးသည်။ ရှင်ကြီးဝမ်း၊ ရှင်ငယ်ဝမ်း ဘယ်ဝမ်း အတွင်းမှာမှ မရွှင်ပျခဲ့ရင်တောင်၊ သားတစ်ပြုံ့၊ သမီးတစ်အုံ့၊ မြေးတစ်ရုံကြားမှာ မာန်ငွဲ့တင်း အံခဲရင်း အလံမလဲခြင်းစိတ်နဲ့ သက်တော်ရာကျော်အောင် ရှင်သန်ပေးပါတော့လား။

"အမေပြုံး သက်တော်ရာကျော်ရှည်ပါစေ"

*11 June, 2022*

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အိပ်တန်း

"ဓားကိုဖျက်တော့ ဝါးမျက်၊ လူကိုဖျက်တော့ အရက်၊ ရှင်ကိုဖျက်တော့ ဓဇက်တဲ့။ အခုတော့ ကျုပ်သား ဘုန်းကြီးကိုဖျက်တာ မိညက် ဖြစ်နေပါပေါ့လား ကိုဘအိုင်ရယ်"

မယ်ညိမ်းပုံတစ်ယောက် ခင်ပွန်းဖြစ်သူ ဖိုးဘအိုင်ကို တိုင်တည်ရင်း သောကတွေ ဗျာပွေနေရချေပြီ။ သောကမရောက်လို့ရော ရှိရိုးလား။ မယ်ညိမ်းပုံ ဘဝမှာ ခဲရာခဲဆစ် မွေးထားခဲ့ရတာ ပေါက်စဆိုတဲ့ ဒီသားလေးတစ်ယောက်ပဲ ရှိတာပါ့ပဲ။ မယ်ညိမ်းပုံဝမ်းက ကျွတ်ပြီဆိုတာနဲ့ ပေါက်စလေးကို ဘိုးတွေဘွားတွေ ကရော၊ ဘိုးဘအိုင်နဲ့ မယ်ညိမ်းပုံတို့ကပါ ရွှေလိုစု ပိုးလိုဉခဲ့ကြရတာလေ။ မယ်ညိမ်းပုံ ဘယ်ဖြေနိုင်ပါ့မတုံး။

ရွာတောင်ပိုင်းက ကိုဩဘာနဲ့ မယ်ဆုံတို့ရဲ့သမီး ရှင်မိညက်က ဦးဇင်း ပညီနွှနောက် ခိုးရာပါသွားပြီတဲ့ဆိုတဲ့ သတင်းကလည်း တစ်ရွာလုံး မှိုင်းလို အူ နေပြီလေ။ ရွာသဘော ရပ်သဘာဝကိုက တစ်ယောက်သိလိုက်တာနဲ့ မီးခိုး ကြွက်လျှောက် ရွာစဉ်ပျံ့ရတော့တာကိုး။ မယ်ညိမ်းပုံ ရှက်လှချည်ရဲ့။ ရင်တွင်းမှာ ဖြေမဆည်နိုင်သလို၊ ဒေါသအစိုင်အခဲတွေကလည်း အုံဖွဲ့ကျင်းဖွဲ့လို့ပင် နေပြန်တော့ တယ်။ "လုပ်ရက်လှချည့် ဦးဇင်းရယ်" လို့လည်း ကျိတ်မနိုင်ခဲမရနဲ့ ယူကျုံးမရ ဖြစ်ရလွန်းပါရဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

"ရှင်ညိမ်းပုံ. . . ညည်းမှ မဟုတ်ပေါင်အေ။ ငါလည်း ဖအေပါအေ့။ မခံစားရ ရှိပါ့မလား။ ဒါပေသိ ဘယ်တတ်နိုင်တော့မတုံးဟ။ ဦးဇင်းကိုယ်တိုင်က ရွှေထက် ကြေးဖြစ်ချင်တာကိုးအေ"

ဖိုးဘအိုင်ရဲ့ စကားသံက တိုးလျှညင်သာလွန်းလှတယ်။ ဝမ်းနည်းဆွေး မြေ့မှုတွေကတော့ အတိုင်းသားပေါ့လေ။ မယားဖြစ်သူကို ဖြေနိုင်ပါစေကြောင်း နားချနေမိပေမယ့် ဖိုးဘအိုင်ကိုယ်တိုင်ကရော ဖြေလို့ ပြေနိုင်တာမှ မဟုတ်ဘဲ။ စို့တက်လာတဲ့ မျက်ရည်စတွေကို လက်ခုံကြမ်းကြီးတစ်ဖက်နဲ့ ပွတ်တိုက်ချလိုက် ရင်း ကြမ်းပြင်ပေါ်က ဆေးပေ့ါလိပ်တိုကြီးကိုကောက်ကာ ကြံရာမရ ဖွာရှိုက်ချလိုက် မိတယ်။

"ကျုပ်တစ်သက် အရပ်က ကျုပ်ကို မယ်တော်ကြီးလို့ အခေါ် ခံရတာကို ဂုဏ်ယူဆုံး ကိုဘအိုင်ရဲ့။ တော်ရော ကျုပ်ရော ဘုန်းကြီးရဲ့ ခမည်းတော် မယ်တော် ဆိုပြီး အရပ်ထဲ ဘယ်လောက်များ မျက်နှာပန်းလှခဲ့ရသတုံး။ သာရေးနာရေး ဘယ်နေရာဖြစ်ဖြစ် ရှေ့တန်းက နေခဲ့ကြရတာမဟုတ်လား။ ကျုပ်တို့မှာ သား ဘုန်းကြီးကို တစ်ဂုဏ်လုပ်ခဲ့ကြရတာလေတော်"

မယ်ညိမ်းပုံက ပြောလည်းပြော ငိုလည်းငိုတယ်။ မယ်ညိမ်းပုံ ပြောသလို ပါပဲ။ အညာကျေးလက်ဆိုတာ ရဟန်းသံဃာ အလွန်ထွက်သလို၊ ရဟန်းရဲ့ ခမည်း တော် မယ်တော်ကိုလည်း အင်မတန်နေရာပေးကြတာရယ်။ ဘယ်ပွဲတက်တက် ဘုန်းကြီးမယ်တော်ဟ၊ ဘုန်းကြီးခမည်းတော်ဟရယ်လို့ မျက်နှာပွင့်လှတာကိုး။

"အဲဒီအတွေးကိုက မှားနေတာအေ့။ ညည်းက သားကိုနှမြောနေတာမှ မဟုတ်တော့ဘဲ။ မယ်တော်ကြီးဆိုတဲ့ ဂုဏ်ကိုနှမြောတာအေ့။ တို့များ လူ့စိတ်က တယ်လည်းဆန်းကြယ်သကိုးဟ။ ကိုယ့်စိတ်ထဲက မေတ္တာလို့အောက်မေ့ပေမယ့် တွေးကြည့်ပြန်တော့ အတ္တဖြစ်နေပြန်ရောကိုး။ ညည့်သားလည်း တရားမသိတာ မှတ်လို့။ ဒါပေသိ ဓမ္မသတ်တရား၊ ရှိပါငြားလည်း၊ တိမ်းပါးငဲ့ကွက်၊ လက်ဆောင် ဖျက်၏ ဆိုသလိုပေါ့"

ဖိုးဘအိုင်လည်း ကိုယ့်ရင်ထဲကအပူကို တတ်နိုင်သမျှ မေ့ထားပြီး မယ်ညိမ်းပုံရဲ့သောကကိုသာ ဖြေဆေးတိုက်နေမိတယ်။ မယ်ညိမ်းပုံ ဘယ်လောက် တောင် စိတ်ထောင်းကိုယ်ကြေလိုက်မလဲဆိုတာ ဖိုးဘအိုင် မသိရှိပါ့မလား။ သား ကို အင်မတန်ချစ်တဲ့ မိခင်ကြီးပေကိုး။ သားဘုန်းကြီးများ ကြွလာရင် အရိပ်တကြည့် ကြည့်နဲ့။ ဦးခိုက်မဝ ကြည်ညိုမဆုံး ဖြစ်နေတတ်တာ။ ဟော သားဘုန်းကြီးများ

mgyoe.com

mgyoe.com SAMPLE BOOK

အိမ်မကြွတဲ့ရက်လေး မကြာလိုက်နဲ့။ ကြာလိုက်တာနဲ့ မမာမကျန်းများ ဖြစ်တော့သလား၊ ဆွမ်းကပ်ကွမ်းကပ်များ ကြွရသလား၊ အဟောအပြောများ ပင့်လို့ ဖိတ်လို့လားဆိုပြီး ကျောင်းကိုချက်ချင်း ပြေးကြည့်တာပဲ့ရော။

ဖိုးဘအိုင်ကတော့ ယောကျ်ားသားလည်းဖြစ်ပြန်၊ တရားဓာတ်ခံကလည်းရှိလေတော့ မယ်ညိမ်းပုံလောက်တော့ ဒေါင်းမတောက်ဘူးပေါ့။ ပေါက်စလေး ငယ်ငယ်က ရွာ့တောင်ဘက်က ထိန်ကန်ထဲကို ဖိုးဘအိုင်နဲ့အတူ ရေချိုးလိုက်လာရင်း ရေနစ်ဖူးတယ်။ အဲဒီတုန်းကတော့ ဖိုးဘအိုင်မှာ ဖြေမဆည်လောက်အောင် နောင့်နာဖူးပါရဲ့။ တစ်ခုခုများ ဖြစ်ခဲ့ရင်ဆိုတဲ့ အတွေးနဲ့ပေါ့လေ။ ဒါပေသိ ဘုန်းရှင်ကံရှင်ဆိုတာ တောက်ကိုတောက်ရမယ့် အကြောင်းကရှိလေတော့ ပေါက်စလေး သေကံမရောက်ခဲ့ပါဘူး။ ဆယ့်သုံးနှစ်သားကတည်းက သာမဏေဝတ်ပြီး ရွာဦးကျောင်းဆရာတော်ကြီးဆီမှာ သင်ပုန်းကြီး လိုက်ခဲ့ရတယ်။ အသက်နှစ်ဆယ်ပြည့်တော့ ပဥ္စင်းခံလို့ ရဟန်းဘဝကို တက်ခဲ့ရပြန်ရော။ အဲဒီနောက်ကျတော့ ပခုက္ကူစာသင်တိုက်မှာ စာဝါလိုက်ပြန်တယ်။ ဦးပဥ္စင်းပညိန္ဒအဖြစ်နဲ့ တော်လည်းတော်ခဲ့ပါပေရဲ့၊ ကျော်လည်း ကျော်ခဲ့ပါပေရဲ့။ ဓမ္မာစရိယလည်းအောင်ခဲ့ပြီ။ ဒီနောက်မှာ ရွာဦးကျောင်းထိုင်ဆရာတော်ကလည်း အရွယ်ရလာပြီမို့ ဦးဇင်းလေးကို ရွာပြန်ပင့်ခဲ့ရတာမဟုတ်လား။ ဘုန်းတော်ကြီးမရှိတော့တဲ့အချိန် ဦးဇင်းပညိန္ဒကို ကျောင်းထိုင်အပ်ဖို့တောင် လျာထားခဲ့ကြတာလေ။ အခုတော့ ယောင်းမမြင်းစီးပြီး ထွက်ခဲ့ပါပေါ့လား။

ဖိုးဘအိုင် ထိုင်ရာကနေ မယ်ညိမ်းပုံကို စောင်းငဲ့ကြည့်လိုက်တယ်။ မယ်ညိမ်းပုံကတော့ ရှိုက်နေဆဲပါ။ ဖိုးဘအိုင်ပြောတဲ့ တရားသဘောကိုလည်း နားဝင်ပုံပေါ်ပါရဲ့။ ဒါပေသိ ယူကျုံးမရတဲ့ ခံစားချက်တွေက မျက်လုံးအိမ်ဆီမှာ အထင်းသား။ "ကျုပ်သားရဟန်းကို အရပ်က နှပ်ပစ်ကဲ့ရဲ့မှာကို စိုးလှသတော်" တဲ့လေ။ သောကကြားက မိခင်တစ်ယောက်ရဲ့မေတ္တာတရားကို ဖိုးဘအိုင် နားလည်တာပေါ့။ ဒါပေမဲ့ မတတ်နိုင်တော့ပြီလေ။

"ညိမ်းပုံရယ်။ ဦးဇင်းလေးလည်း ဟောခဲ့ဖူးတာပဲအေ။ နတ္ထိလောကေ အ နိန္ဒိတော တဲ့။ လောကမှာ ကဲ့ရဲ့ခံလွတ်သူ ရှိသတဲ့လား။ တို့ဘုရားရှင်သော်မှ ကဲ့ရဲ့ယိုးစွပ် ခံရသေးတာပဲ"

ဖိုးဘအိုင် အိမ်ထဲဝင်ခဲ့တော့တယ်။ မယ်ညိမ်းပုံကတော့ အိမ်ရှေ့မြေ တလင်းပေါ်က ဖျာကလေးထက်မှာ ပုံပုံကြီး ထိုင်လျက်သား။ မိခင်သောကမို့

mgyoe.com

mgyoe.com SAMPLE BOOK

ခံစားပါစေတော့လို့သာ ဖိုးဘအိုင် နားလည်ပေးလိုက်မိပါရဲ့လေ။

❑

"ဆွမ်းတော်ဗျို့. . ."

ကိုရင်ငယ်နှစ်ပါးနဲ့ ကျောင်းသားငယ်လေး တစ်ယောက်က မယ်ညိမ်းပုံ အိမ်ရှေ့မှာ ဆွမ်းခံရပ်တယ်။ ကိုရင်တစ်ပါးက သပိတ်ကလေးပိုက်လို့၊ တစ်ပါးက တော့ ကြေရည်ကွာနေတဲ့ ငါးဆင့်ချိုင့်လေးကို ဆွဲလျက်သား။ ပုဆိုးတိုနွှောင့်နွှောင့် ဝတ်ထားတဲ့ ကျောင်းသားငယ်လေးရဲ့လက်ထဲမှာတော့ ကြေးစည်လေးက ချာချာ လည်နေလေရဲ့။ မယ်ညိမ်းပုံ ဆွမ်းလောင်းရင်း မျက်ရည်ကျမိတယ်။ သားပဥ္စင်းကို လွမ်းလိုက်တာများလေ။ ပေါက်စလေး ငယ်ငယ်ကလည်းဒီလိုပဲ ဆွမ်းခံထွက်ရတာ မဟုတ်လား။ ပေါက်စလေးက သပိတ်ကလေးပိုက်ပြီး အိမ်ရှေ့ရပ်တာနဲ့ "အိမ်ထဲ ကြွစမ်းပါဦး ကိုရင်ရဲ့။ ပူကပူပါဘိသနဲ့။ အပူအခိုးထွက်အောင် ထညက်(ထန်းလျက်) လေး နှစ်လုံးသုံးလုံး ဘုန်းပေးပြီး ရေအေးကလေးများ သုံးဆောင်သွားစမ်းပါဦး" ဆိုကာ ပါးစပ်ကလည်း ပြောရင်း၊ လက်ကလည်း သပိတ်ကိုအတင်းယူကာ အိမ်ထဲ ကိုပင့်လား ပင့်ရဲ့။ ဆွမ်းခံပြန်တော့လည်း ကိုရင်လေး သပိတ်ပူခံရချေရဲ့၊ ဆွမ်းပြည့် ရင် သပိတ်လေးချေရဲ့ဆိုပြီး ကိုရင့်ဆီက သပိတ်ကိုဆွဲပိုက်ကာ ကျောင်းထိ လိုက် ပို့လား ပို့ရဲ့။ ဒါသည်ပင် မယ်ညိမ်းပုံရဲ့ နေ့စဉ်ဝတ် ဖြစ်ခဲ့ရတာပေါ့။ နောက်မှ ဆရာတော်ကြီးက မအပ်စပ်ကြောင်း မိန့်လို့ မယ်ညိမ်းပုံ လက်လျှော့ခဲ့ရတာ။

အခုတော့ ဒီအချိန်တွေကိုပြန်လွမ်းရင်း မယ်ညိမ်းပုံ မျက်ရည်ကျရုံကလွဲ လို့ ဘာများတတ်နိုင်ပါ့မတုံး ဦးပဥ္စင်းရယ်။ လွမ်းလှချေရဲ့။ တစ်နယ်တစ်ရပ်မှာ အဆင်မှပြေပါလေစ။ တစ်သက်လုံး ရဟန်းဝတ်နဲ့နေလာပြီးမှ လူဝတ်လဲခဲ့လေတော့ လူ့အရေးလူ့အရာ တတ်ကျွမ်းပါလေစ။ စားဝတ်နေရေးအတွက်ရော ရှန်းတတ်ကန် တတ်ပါ့မလား။ သားတာဝန် မယားတာဝန်ရော ကျေပွန်ပါ့မလား။ မယ်ညိမ်းပုံ အိမ်ရှေ့မှာကာရံထားတဲ့ ထန်းလက်ရိုးခြံဝမှာ တွေတွေကြီးရပ်နေမိတယ်။ ဆွမ်းတော် တွေကဖြင့် ကြွတာကြာချေပေါ့။ အိမ်ရှေ့တမာပင်အောက် ကွပ်ပျစ်ပေါ်မှာ ထိုင် နေတဲ့ ဖိုးဘအိုင်က လှမ်းခေါ်မှ သတိဝင်ပြီး အိမ်ထဲပြန်လှမ်းခဲ့ရတယ်။

နှစ်တွေကကြာခဲ့ပြီဆိုပေမယ့် မနေ့တစ်နေ့ကလိုပါပဲ။ မယ်ညိမ်းပုံ မမေ့ နိုင်ပါဘူး။ သားရဟန်းကိုပဲ လွမ်းလှချေရဲ့။ လူဝတ်ကြီးနဲ့ သားကိုလည်း မြင်ရမှာ ကြောက်လှတယ်။ သားဖြစ်သူကလည်း အဲဒီနေ့ကတည်းက မိညက်ကိုခေါ်ပြီး ရွာခြေကို စွန့်ခဲ့တာ မဟုတ်လား။ အခုရော သားတွေသမီးတွေ ရနေရှာပြီလား။

mgyoe.com

mgyoe.com SAMPLE BOOK

တွေးလိုက်ပြန်တော့ မယ်ညိမ်းပုံရင်ထဲ နွေးသွားသလိုလို။ သားပဥ္စင်းနဲ့ပဲ မျိုးဆက်ပြတ်ရတော့မယ်လို့ တစ်ထစ်ချ ထင်ခဲ့တာကိုး။ မျိုးဆက်ဆိုတဲ့အတွေးနဲ့ သွေးတွေက ပူခနဲဖြစ်ရပြန်တယ်။

"ညည့်ဟာက မလွန်လွန်းဘူးလား ရှင်ညိမ်းပုံရယ်။ နှစ်ဌာန်းတွေလည်း ကြာခဲ့ပါပကောအေ။ ညည်းက ဝေဒနာကို ပိုးလိုမွေးလှသကိုးအေ့"

ဖိုးဘအိုင်က ကွပ်ပျစ်ပေါ်ကနေ မယ်ညိမ်းပုံကို လှမ်းပြောလိုက်တယ်။ မယ်ညိမ်းပုံ ဒေါင်းတောက်သလောက် ဖိုးဘအိုင်ကတော့ အေးစက်တည်ငြိမ်လှပါတယ်။ အင်းလေ ပူဆွေးသောကရောက်နေလို့ရော ပြေပျောက်သွားမယ့် ဝေဒနာမှ မဟုတ်ဘဲ။ သူ့အကြောင်းနဲ့သူ လာပြီးသားတွေ မဟုတ်လား။ ဖိုးဘအိုင်တို့က ဘာတွေများ တတ်နိုင်ပါ့မတုံး။

ဖိုးဘအိုင်က မယ်ညိမ်းပုံကိုလှမ်းပြောရင်း ရှေ့မှာချထားတဲ့ နှုတ်ခမ်းပွဲ့ ကြေးကွမ်းအစ်ကလေးထဲက ကွမ်းတစ်ရွက်ကို ယူပြီး ဆေးတစ်ဖဲ့၊ ထုံးတစ်တစ်၊ ရှားတစ်ဆစ်နဲ့ ကွမ်းသီးလေးငါးစိပ် ထည့်ပြီးယာကာ ပါးစောင်ထဲ ထိုးသွင်းလိုက်တယ်။ ဒါသည်လည်း ဖိုးဘအိုင်အတွက်တော့ အရိုးစွဲအကျင့်ပင် ဖြစ်လို့နေပေ့ါ။ လက်ဖက်ကလေးသော် မြုံ့နေရမှ၊ ဆေးလိပ်ကလေးသော် ရှိုက်နေရမှ။ ဒီလိုမှ မဟုတ်ဘဲ ပါးစပ်အားနေရင် ခံတွင်းထဲကချဉ်သလိုလို ခံစားရတတ်တာကိုး။ မယ်ညိမ်းပုံကတော့ ဖိုးဘအိုင်ပြောတာကို ကြားပေမယ့် စကားနှုတ်လှန် ခွန်းတုံ့ပြန်မနေတော့ပါဘူး။ ဖိုးဘအိုင်စိတ်ကို မယ်ညိမ်းပုံသိပ့ါ။ ဝမ်းတွင်း ကျိတ်ဆွေးမယ့် လူကြီး။ မယ်ညိမ်းပုံထက်စာရင် ဖိုးဘအိုင်က တရားသဘောကို အတော်အတန်လည်း စောကြောမိပါရဲ့။ အင်းလေ မယ်ညိမ်းပုံကတော့ မိန်းမသားကိုး။

"ဒီဥပုသ်တော့ ကျုပ် သီလယူလိုက်ဦးမတော်။ ကျောင်းကန်များ မရောက်တာ ကြာလှပေါ့။ ဆရာတော်ကြီးနဲ့လည်း စကားစမြည်ပြောဦးမှ"

မယ်ညိမ်းပုံက နှုတ်ခမ်းသား ပိန်တွန့်နေတဲ့ ထမင်းအိုးလေးကို မ,လာပြီး ဖိုးဘအိုင်ဘေးကို ချလိုက်တယ်။ ပြီးတော့ မီးဖိုထဲ တစ်ခေါက်ထပ်ဝင်ပြီး ဟင်းခွက်ကလေးတွေကိုပါ ယူလာပြန်တယ်။ လင်ကိုယ်မယားနှစ်ယောက် ဒီကွပ်ပျစ်ကလေး ပေါ်မှာပဲ နေ့စဉ်ထမင်းစားကြတာကိုး။ အညာရဲ့ တမာရိပ်ကလည်း အခက်စိပ်စိပ် အရွက်သိပ်သိပ်နဲ့ နေရိပ်ပင်မထိုးနိုင်။ "တို့တော တို့အညာများ မန်ကျည်းရိပ် တမာရိပ်ကို နေစရာလုပ်ရတာပအေ" လို့တောင် ပြောကြတာကိုး။ ဟုတ်လည်း ဟုတ်ပါရဲ့။ မန်ကျည်းတို့ တမာတို့များ အရိပ်ကောင်းမိရင် စိမ့်နေအောင် အေးတတ်

mgyoe.com

mgyoe.com SAMPLE BOOK

တာလေ။

"အေး ဥပုသ်စောင့်သွားမှာဆိုရင်တော့ သွားပေ့ါအေ။ သားကိုလွမ်းတာနဲ့ ကျောင်းရိပ်ကန်ရိပ်သွားပြီး သားရဲ့အငွေ့အသက်ကို သွားရှူတာတော့ မဖြစ်စေနဲ့ပေါ့"

ဖိုးဘအိုင် မယ်ညိမ်းပုံအကြောင်းကို သိပ့်။ မယ်ညိမ်းပုံရဲ့ မျက်စောင်းကြီးကလည်း ဖိုးဘအိုင်ထံ ဒေါင်းခနဲ ရောက်သွားတယ်။ ကျုပ်ဟာကျုပ် ဘာလုပ်သွားသွားပေ့ါဆိုတဲ့ မျက်နှာပေးမျိုး။ ဖိုးဘအိုင် မယ်ညိမ်းပုံကို ကြည့်ရင်း ပြုံးလိုက်တယ်။ မယ်ညိမ်းပုံကို သနားလည်း သနားလှပါရဲ့။ အင်မတန် လင်စွဲသားစွဲကြီးတဲ့ မိန်းမအိုကြီးကို ဖိုးဘအိုင် ကရုဏာသက်ရပါရဲ့လေ။ အရွယ်ကောင်းစဉ်ကတည်းက ဖိုးဘအိုင်နဲ့ သားဖြစ်သူအပေါ် အရိပ်တကြည့်ကြည့်နဲ့ ဝတ်ကြီးဝတ်ငယ် ပြုစုရှာတာပါ။ ဖိုးဘအိုင် ရင်ထဲမှာတော့ မယ်ညိမ်းပုံကို မယားလိုလည်း ချစ်ရပါရဲ့။ နှမကလေးလိုလည်း တွယ်တာမိပြန်သေးရဲ့။

ဖိုးဘအိုင် အတွေးစတွေဖြတ်ပြီး ထမင်းဝိုင်းဝင်လိုက်ရတယ်။ မယ်ညိမ်းပုံကလည်း ပွဲပွဲ့လေး ထိုက်လျက်သား။ ခူးထားတဲ့ ထမင်းဇလုံကို ဖိုးဘအိုင် ကောက်ကိုင်လိုက်တယ်။ ခြေခင်းလက်ခင်းရယ်လို့ ဆေးမနေအားပေါင်။ ထမင်းခဲပေါ် ဟင်းရည်ရွှဲရွှဲဆမ်းပြီး နယ်ကာဖတ်ကာနဲ့ မြိန်ရေယှက်ရေ စားလိုက်ကြတာပါပဲ။ မယ်ညိမ်းပုံကတော့ စားနေပေသိ ဟုတ်တိပတ်တိ မရှိလှ။ တို့ကနန်း ဆိတ်ကနန်းနဲ့ သာရယ်။ မိသားစု မစုံတဲ့ ထမင်းဝိုင်းလေးကိုကြည့်ရင်း မယ်ညိမ်းပုံ ခံစားနေဦးမှာကို ဖိုးဘအိုင် သိပါရဲ့လေ။ ဒါပေသိ မပြောလိုတော့ပါဘူး။ နေတတ်သလို နေစေတော့လို့သာ အောက်မေ့လိုက်ရတော့တာပါပဲ။

❑

"အေ. . . ညိုပြာ။ ရော့စမ်းအေ။ ဒွေးလေးရဲ့ မြေပဲလေး တစ်စိတ်တစ်ခွဲကို ကြိတ်ပေးစမ်းဦးအေ့။ ဆုံဆီလေးများ မစားရတာ ကြာလှပါပကော။ ဟင်းချက်ထဲ မခတ်နိုင်တောင် အသုပ်အနယ်လေးများတော့ ဆုံဆီကမှ မွှေးသအေ့ လေးသအေ့"

မယ်ညိမ်းပုံက ဖိုးဘအိုင်ရဲ့ ပုဆိုးဟောင်းလေးနဲ့ ထုပ်ထားတဲ့ မြေပဲထုပ်ကလေးကို ရွက်လာရင်း ညိုပြာ့အိမ်ထဲ ဝင်လာခဲ့တယ်။ နှုတ်ကလည်း ညိုပြာကို အိမ်ဝိုင်းဝကတည်းက အော်လျက်သား။ ညိုပြာလည်း ဆီဆုံတဲထဲမှာ ဆန်ကောတစ်ချပ်နဲ့ မြေပဲခွေးနေရာကနေ အိမ်ဝိုင်းတံခါးဆီ လှမ်းကြည့်လိုက်တယ်။ အိမ်ဝိုင်းတံခါးဆိုလို့ လုံလုံခြုံခြုံ ခန့်ခန့်ထည်ထည်ကြီးဖြင့် ဟုတ်ပေါင်။ ရွာတောင်ဘက်

mgyoe.com

mgyoe.com
SAMPLE BOOK

ထတောာ(ထန်းတောာ)ထဲက ကိုဖိုးကြွက်ကောက်လာတဲ့ ရိုးလံခက်(ထန်းလက်ရိုး)တွေနဲ့ ကျိုးတိုကျဲတဲ ကာရံထားတာပါ။ ရွာ့ဓလေ့ ရွာ့ထုံးစံမို့ အရံအတားအဖြစ်သာ သတ်သတ်မှတ်မှတ် သဘောရယ်။ ကိုယ့်ရွာကိုယ့်ရပ်မှာ အိမ်တံခါးမပိတ်လည်း သူခိုးသူဝှက် ကြောက်ရတာမှတ်လို့။ ဝိုင်းတံခါးမလုံလည်း စိတ်ချလက်ချ အိပ်နိုင်ပ့ါ။ လေမလာတဲ့ နွေညများဆိုရင် မကောင်းသူမကောင်းသားများ မကြောက်တတ်လို့ ကတော့ လမ်းဘေးမှာထိုးထားတဲ့ ကွပ်ပျစ်တွေပေါ် မှာပင် ယောကျ်ားမိန်းမ အိပ်တတ်ကြသေးရဲ့။ ဒါသည်ပင် လွတ်လပ်လှတဲ့ အညာရဲ့အရသာ မဟုတ်လား။

"ဒွေးလေးညိမ်းနှယ့်တော်။ ဆီလိုရင် အိမ်လာယူလှည့်ပါ ပြောထားတဲ့ဟာကို။ ဘယ့်နှယ့်ကြောင့် မြေပဲတွေ သယ်လာရသတုံး။ အိုကြီးအိုမ တုန်တုန်ယင်ယင်နဲ့။ မတော်လို့ ချော်လဲမှဖြင့်။ ဒွေးလေးတို့ စားတော့ရော ဆီက ဘယ့်လောက်ကုန်မှာတဲ့တုံး။ ဒွေးလေးတို့များ ပြောရဆိုရ တကယ်လက်ပေါက်ကပ်လှတယ်"

ညိုပြာကလည်း အိမ်ထဲဝင်လာတဲ့ မယ်ညိမ်းပုံကို ဆီးပြီးဆူတယ်။ ဆီလိုဆီ၊ ဆားလိုရင်ဆား ယူလှည့်သုံးလှည့်ပ့ါလို့ တကယ်လည်း ညိုပြာကိုယ်တိုင် မှာထားတာပါ။ ဒွေးလေးညိမ်းပုံတို့က အသက်ကြီးလှပြီ။ ရှိတဲ့ယာမြေလေးကို မြေစုချပြီး လောက်ငှအောင် စားနေကြရတာ မဟုတ်လား။ တစ်ချိန်ကတော့ ဘုန်းကြီးမယ်တော်ဆိုပြီး ရွှေထီးဆောင်းနိုင်ခဲ့ကြပါရဲ့။ သားဘုန်းကြီးကလည်း လာဘ်လာဘ ရှင်လေတော့ ဖိုးဘအိုင်နဲ့ မယ်ညိမ်းပုံတို့အတွက် မပေါ်များလှသည့်တိုင် မရှားပါးလှ။ ပြောသာပြောရတာပါ။ အခုလည်း နွမ်းနွမ်းပါးပါး ချို့ချို့ငဲ့ငဲ့ဖြင့် မဟုတ်ကြပါဘူး။ ဒါပေသိ သူတို့လင်မယားကိုတော့ ညိုပြာကိုယ်တိုင်ကိုက သဒ္ဓါတာ။ ပေးချင်ကမ်းချင်နေတာ။ ညိုပြာ့ယောကျာ်း ကိုဖိုးကြွက်ကလည်း ဖိုးဘအိုင်တို့ ဒွေလေးညိမ်းတို့ကို အင်မတန်သံယောဇဉ်ကြီးရှာပါရဲ့။

"ငါ့တူမရဲ့။ လက်ပေါက်ကပ်တယ်တော့ မဟုတ်ရပေါင်အေ။ ဒွေးလေးကဖြင့် ညည်းတို့စေတနာ ညည်းတို့မေတ္တာကို သိပ့ါ။ ဒါပေသိ ဈေးဖိုးဓမ္မတာ မေတ္တာတခြားပေ့ါအေ တူမကြီးရဲ့။ ငါကြိတ်ခိုင်းတာက ဈေးဖိုးသပ်သပ်ပေ့ါ။ ညည်းပေးချင်တာက မေတ္တာပေ့ါအေ့"

ညိုပြာက ဒွေးလေးညိမ်းကို မျက်စောင်းကြီး ဒေါင်းခနဲ ထိုးချလိုက်တယ်။ ပြောတတ်ရန်ကောတော် ဆိုသည့် အကြည့်မျိုး။ ညိုပြာ့ဘေးမှာ ပဲခွေးနေတဲ့ မချော်နဲ့ မမြမှင်တို့ကလည်း ညိုပြာ့ကိုကြည့်ရင်း "ကိုင်း ဘယ်နှယ့်ရှိစ" ဆိုတဲ့ မျက်လုံးတွေနဲ့ ပြုံးစစ။ မယ်ညိမ်းပုံကတော့ ဆီဆုံကြီးဘေးက အနားစုတ်နေတဲ့ ဖျာကြမ်းပေါ် ကို

mgyoe.com

mgyoe.com SAMPLE BOOK

ပုံခနဲ ထိုင်ချလိုက်တယ်။ ဖျာစုတ်ပေါ်မှာ ဆီဆုံက စဉ်ကျလာတဲ့ ဆီစက်တွေက အစက်အရက်။ အနှစ်နှစ် အလလက အဆီအဥတွေကို စုပ်မျိုထားတဲ့ ဆီဆုံကြီးကတော့ အဆီဝနေ၍ထင်ရဲ့။ သစ်သားရောင်ပျက်ပြီး ဆီရောင် တလက်လက်ရယ်။ ဆုံခြေက နဘတ်(နှမ်းဖတ်)ကျိုး၊ နဘတ်ကြေတွေမှာလည်း ပုရွက်နီတွေက အုံခဲနေပြန်ရဲ့။

မယ်ညိမ်းပုံက ညိုပြာ့လက်ထဲက မြေပဲဆန်ကောကြီးကို ဆွဲယူလိုက်ပြီး အခြမ်းကွဲမြေပဲတွေနဲ့ အစေ့တွေကို ပြာခတ်ပြီး ခွဲနေလိုက်တယ်။ မယ်ညိမ်းပုံက ညိုပြာ့အိမ်ရောက်ခဲပါတယ်။ ရောက်မိရင်လည်း လွယ်လွယ်ပြန်တာ မဟုတ်တော့ဘူး။ ဆီဆုံမှာက ပဲရွေးပဲပြာတဲ့ အလုပ်သမားတွေနဲ့မို့ လူစုံသလို၊ စကားလည်း စုံလှတယ်။ ရွာ့သတင်း ရပ်သတင်းများ ကြားချင်ရင် ညိုပြာ့ဆီဆုံသွားလို့တောင် စကြနောက်ကြတဲ့ဟာကိုး။ "ဒီနှစ်များအေ ပဲဈေးမရှိတော့ တောင်သူတွေရှုံးချက်" ဆိုတာမျိုးက တစ်ဖုံ၊ ရွာ့အနောက်ပိုင်းက ဖိုးနီနဲ့ အရှေ့ပိုင်းက ခင်တုတ်တို့ ဘကြီးထွားရဲ့ယာခင်းထဲက ပဲရိုးပုံဘေးမှာ ချိန်းတွေ့နေတုန်း၊ ခင်တုတ်ရဲ့မောင် ငညိုနဲ့မိလို့ ခင်တုတ်ကြီး အရိုက်ခံရချက်ဆိုတာမျိုးတွေက တစ်သွယ်။ ညိုပြာ့ဆီဆုံ လာလိုက်မှ သတင်းစုံအတင်းစုံကြားရတာ။

"ဒွေလေးညိမ်းနဲ့ ဆုံတုန်း ပြောရဦးမယ်။ ကျုပ်မလည်း တစ်ရွာထဲနေပေသိ ဒွေးလေးနဲ့က တွေ့ရခဲဘိခြင်းတော်။ ဟိုတလောက ကျုပ်မောင် စံလှ မူဆယ်က ပြန်ရောက်တယ် ဒွေလေးရဲ့"

မချော်က ပဲရွေးနေရာကနေ မယ်ညိမ်းပုံကို စကားတို့လိုက်တယ်။ မယ်ညိမ်းပုံကလည်း တုတ်တုတ်မျှ မလှုပ်ဘူး။ "ပြောစမ်းအေ နားထောင်ရချေရဲ့" ဆိုတဲ့သဘောနဲ့ ငြိမ်နေလိုက်တယ်။ မချော်က စကားရပ်လိုက်တော့ မယ်ညိမ်းပုံက "ဘယ်နှယ့်တုံးအေ့။ ဆက်ပြောပ့ါလား" ဆိုတဲ့ အကြည့်နဲ့ မျက်လွှာပင့်ကြည့် လိုက်ပြန်တယ်။ မချော်ကလည်း ဆက်ပြောရကောင်းနိုး မပြောရကောင်းနိုး ချင့်ချိန်နေဟန်တူပါရဲ့။ မယ်ညိမ်းပုံကတော့ အနားမှာချထားတဲ့ ဒန်အိုးပိန်ထဲက နဘတ်ထညက်(နှမ်းဖတ်ထန်းလျက်)တစ်လုံးကိုနှိုက်ပြီး ပါးစောင်ထဲထိုးကာ ဝါးလိုက်သေးတာ။ ပြီးတော့ မြေကြီးပေါ်မှာ ကရွတ်ခွေခံပြီး ချထားတဲ့ သောက်ရေအိုးထဲက ရေကိုခပ်ကာ တစ်ကျိုက်သောက်လိုက်သေးရဲ့။

"ကျုပ်ပြောချင်တာက ကျုပ်မောင်စံလှ ပြန်ရောက်တာကို ပြောချင်တာ မဟုတ်ပါဘူး ဒွေးလေးရယ်။ စံလှက မူဆယ်မှာ ဒွေးလေးသား ဦးဇင်းပေါက်စိန်နဲ့

mgyoe.com

mgyoe.com
SAMPLE BOOK

တွေ့ခဲ့တာကို ပြောချင်တာ"

မယ်ညိမ်းပုံ ဆတ်ခနဲ တုန်သွားတယ်။ မမျှော်လင့်ခဲ့တဲ့ သတင်းစကား မဟုတ်လား။ ခန္ဓာကိုယ်တစ်ခုလုံးကို ကျဉ်စက်နဲ့ အတို့ခံလိုက်ရသလိုပါပဲ။ အနှစ်နှစ် အလလ ကိန်းအောင်းနေခဲ့တဲ့ သောကတို့က တစ်ကြိမ် ထကြွရပြန်ချေပြီ။သားဆို သည့်စကားလုံးလေးက မယ်ညိမ်းပုံရဲ့ နှလုံးသွေးတွေကို တံ့ဆိုင်းသွားစေမတတ်ပါပဲ။

"ဟဲ့. . . မိချော်။ ပြောစမ်းပါအေ။ စံလှနဲ့တွေ့တော့ ငါ့သားဦးဇင်းက ဘာပြောလိုက်သတဲ့တုံး။ သူတို့ အဆင်ရောပြေသတဲ့လား။ ကျန်းကျန်းမာမာရော ရှိကြရဲ့လားအေ။ ကလေး တိုးလို့တွဲလောင်းတွေနဲ့ ဖြစ်နေပြီလား"

မယ်ညိမ်းပုံရဲ့အမေးတွေက ရေပက်မဝင်နိုင်လောက်အောင်ပင်။ မြေကြီး ပေါ်ကို မြေပဲဆန်ကောကြီး ပြန်းခနဲချပြီး မချော်အနားကပ်ကာ မေးခွန်းတွေ ထုတ်လေတော့တာ။ မချော်က သက်ပြင်းချကာ "ကျုပ်လည်း တွေ့ခဲ့တယ်ဆိုတာပဲ သိရတာပါ ဒွေးလေးရယ်" ဆိုတော့၊ မယ်ညိမ်းပုံက "မိန်းမနှယ်အေ။ ညည့်မေး လို့လည်း ပုဂံမှတ်တမ်း ညောင်ရမ်းရာဇဝင် စုံလင်အောင် သိရမှာမဟုတ်ပေါင်။ ငါ့ဟာငါ စံလှဆီ သွားမေးဦးမယ်" ဆိုကာ ပုဆိုးဟောင်းထဲထည့်ထုပ်လာတဲ့ မြေပဲ တွေကိုအနားမှာရှိတဲ့ တောင်းထဲထည့်လှည်ပြီး ပုဆိုးလေး ခေါင်းပေါ်တင်ရင်း ထွက်သွားတော့တယ်။ ညိုပြာကတော့ "ဒီဇရာအိုမကြီးရဲ့ သားပူ၊ ဘယ်သူကူလို့ များ အေးပါတော့မတုံး" လို့သာ အောက်မေ့မိတော့တယ်။

❑

"ဟုတ်ကော ဟုတ်ကဲ့လား ညိမ်းပုံရယ်။ ပြန်လာတော့လည်း တွေ့ရတာပေါ့ အေ။ ညည်းတင် မဟုတ်ပါဘူး။ ငါလည်း မသေခင်တော့ တွေ့သွားချင်စမ်းသအေ့"

ဖိုးဘအိုင် ဆွေးဆွေးမြေ့မြေ့ကြီး ပြောချလိုက်တယ်။ သားဖြစ်သူ ပေါက်စ ကို တကယ်လည်း တွေ့ချင်လှသေးတာကိုး။ မယ်ညိမ်းပုံ ပိုပြီး စိတ်မကောင်း ဖြစ်မှာစိုးလို့သာ ဖိုးဘအိုင် မြိုသိပ်ခဲ့ရတာ မဟုတ်လား။ အခု မယ်ညိမ်းပုံက စံလှ ဆီကကြားခဲ့သမျှ ဖိုးဘအိုင်ကို ဖောက်သည်ပြန်ချတော့၊ အသားကျနေပြီဖြစ်တဲ့ အနာလေးက စူးခနဲဖြစ်ရပြန်ပြီပေါ့။ တရားရှိတယ်ဆိုပေသိ အာသဝေါ မကုန်ခန်း သမျှတော့ ဒီသမုဒယနယ်ပယ်မှာ မြုပ်ချည်ပေါ် ချည် ထိုနှစ်လီနဲ့ ဝဲဩဃရေလျဉ် ကြော စီးမျောနေရဦးမှာ မဟုတ်လား။

"ဟုတ်ပါသဆိုတော်။ သောင်သောင်သာသာရှိရင် ပြန်ခဲ့ပါဦးမယ်လို့ ဆိုရှာသတဲ့။ ခမျာများ အဆင်မှပြေရဲ့လားမသိပေါင်တော်။ ကလေးတစ်ကောင်နဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ဘယ်လောက်တောင် ရှုန်းလိုက်ကန်လိုက်ရရှာမတုံး။ ကျုပ်ဖြင့် တွေးရင်း ရင်နာလှ ချေရဲ့. . . ”

နှစ်ငှာန်းတွေသာ ကြာခဲ့ပေမယ့် မိခင်တစ်ယောက်ရဲ့သားစွဲက ဘယ်လို များပြုတ်နိုင်ပါ့မတုံး။ သူကသာ သူ့ဘဝနဲ့သူ အခြေကျတယ်ဆိုပေသိ၊ မိဘတို့မေတ္တာ သဘောအရ သားဇောသမီးဇောကတော့ ကျွတ်လိမ့်နိုးလား။ တွယ်စရာရယ်လို့ ဒီနွယ်တစ်မျှင်ပဲရှိလေတော့ မယ်ညိမ်းပုံအဖို့ ပိုလို့ပင် ငင်မိရပါရဲ့။ ပေါက်စလေး ခပ်ငယ်ငယ်က မယ်ညိမ်းပုံ ရွာတကာရပ်တကာလှည့်ပြီး ဈေးရောင်းဖူးတယ်။ ဘိုးတွေဘွားတွေက သူတို့နဲ့ ထားခဲ့စမ်းပါဟဲ့ဆိုတာတောင် မယ်ညိမ်းပုံ စိတ်မချ နိုင်ခဲ့ဘူး။ ခံတောင်းခေါင်းတင်ပြီး သားလက်ကိုဆွဲရင်း ရွာစဉ်လှည့်ခဲ့တာပါ့ရော။ ပေါက်စလေးကလည်း မအေကို မျက်စိအောက်က အပျောက်ခံတာမှတ်လို့။

မိခင်နောက် ခြေတိုအောင် တကောက်ကောက် လိုက်ခဲ့ရှာတာ။ ဖိုးဘအိုင် ကတော့ ထိုစဉ်က မယ်ညိမ်းပုံတို့သားအမိကိုကြည့်ရင်း ပြောဖူးတယ်။ “လိုက်လည်း လိုက်တဲ့ သားအမိတွေပါအေ၊ မအေဖြစ်သူက ဝပ်ကျင်းထွက်ကာစ ကြက်မကြီးလို ပဲ။ သားဖြစ်သူကတော့ ဘာထူးသတုံး။ မဒန်း(ကြက်မအေ)ကို သားခင်သလိုပဲ၊ တငင်ငင်နဲ့” တဲ့လေ။ မယားကို ကြက်မဒန်းနဲ့ နှိုင်းပြီး၊ သားဖြစ်သူ ပေါက်စကိုတော့ မိခင်ကို အပျောက်မခံတဲ့ ကြက်သားပေါက်နဲ့ နှိုင်းသေးတာ။

“ဟကောင်. . . စံထူး။ ကနေ့ ခြံသွင်းစောလှချေလားကွ။ နွားတွေတော့ အစာဝအောင် ကျောင်းစမ်းပါ့ကွာ။ မင်း ပျင်းပျင်းရှိတိုင်း စားကျက်သိမ်းရတယ်လို့”

ဖိုးဘအိုင်က မယ်ညိမ်းပုံနဲ့ ပြောနေရာကနေ အိမ်ရှေ့စည်းခရိုးခြေအတိုင်း နွားအုပ်မောင်းသွားတဲ့ စံထူးကို လှမ်းအော်လိုက်သေးတာ။ စံထူးဆိုတာ ဖိုးဘအိုင် တူမ မပုစိန်ရဲ့သားပေါ့။ လူပျို မပေါက်တပေါက် အရွယ်လေးရယ်။ သူ့ခမျာလည်း ပညာရေး ဆုံးခန်းမတိုင်ရှာပါဘူး။ ငယ်ငယ်လေးနဲ့ တောင်ပေါ် တက်ပြီး နွားအုပ် နောက် လိုက်နေရရှာတာ။သူကလေးက ဖိုးဘအိုင်တို့ မယ်ညိမ်းပုံတို့ကိုတော့ ခင်တွယ်ရှာတယ်။ နေဝင်ရီတရောဆို ဖိုးဘအိုင်တို့အိမ်ကိုရောက်လာပြီး ရေဆွဲ တန် ဆွဲပေးရဲ့။ ထင်းခွဲတန် ခွဲပေးရဲ့။ ဖိုးဘအိုင်တို့ ကိုယ်လက်မအီသာတော့ အနင်းအနှိပ်ကလေးတွေပါ အားကိုးရပါတယ်။ ဖိုးဘအိုင်တို့ မယ်ညိမ်းပုံတို့က လည်း ဒီကလေးကို သံယောဇဉ်တွယ်ရတာပါပဲ။

“နွားတွေက ဝပါတယ် အဘရ။ ကနေ့က ခြံထုတ်စောလို့ ခြံသွင်းစော တာပါဗျ”

mgyoe.com

mgyoe.com SAMPLE BOOK

စံထူးက ပြန်အော်သွားတယ်။ နွေပေါက်ဆိုတော့ မြေခြောက်ပြီး ပွရောင်းဖုန်ထူတယ်။ နွားအုပ်နောက်မှာ ဖုန်လုံးကြီးများ လိမ့်တက်နေပြန်တယ်။ ရွာလမ်းတစ်ခုလုံး ဖုန်ခိုးတွေ ဝေနေပြန်ရဲ့။ စံထူးကတော့ သည်ဖုန်ထုကို မမှုတော့ပြီ။ သူကဖြင့် လုံးတက်နေတဲ့ ဖုန်မှုန့်ကြားထဲမှာ သီချင်းတအေးအေးရယ်။ မယ်ညိမ်းပုံကတော့ မီးဖိုထဲမှာ ချက်ခန်းဝင်နေချေပြီ။ ဖိုးဘအိုင်ကလည်း တမာပင်အောက်က ကွပ်ပျစ်ပေါ်မှာ သတ္တုရေနွေးအိုးလေးတစ်လုံးနဲ့ မြေပဲဆံကြော်လေးတစ်ပန်းကန်နဲ့။ ရေနွေးလေးသောက်လိုက်၊ မြေပဲဆံကြော်လေးဝါးလိုက်၊ လမ်းပေါ်ဖြတ်သွားတဲ့လူတွေနဲ့ စကားပြောလိုက်ဖြင့် အထီးကျန်ခြင်းကို ဖြတ်သန်းနေရရှာတာ မဟုတ်လား။

ချောင်းထဲရေသယ်သွားမယ့် ငထင်ကလည်း ရေစည်လှည်းကြီးပေါ်ကနေ ဖိုးဘအိုင်ကို နှုတ်ဆက်သွားပြန်ရဲ့။ နပိန်(နွားပိန်)တစ်ရှဉ်းဆွဲနေတဲ့ ငထင်ရဲ့လှည်းအိုကြီးဟာ ပဒေါင်းထဲ ပျားဖယောင်း ခန်းရှာပြီထင်ပါရဲ့။ လှည်းဝင်ရိုးသံက ငြိမ့်ငြိမ့်ညက်ညက် မရှိတော့ပြီ။ တကျွီကျွီ တအီအီနဲ့ရယ်။ အညာရဲ့ နွေညနေခင်းအောက်မှာ ရွေ့တယ်ဆိုရုံမျှ ရွေ့နေရှာတဲ့ နပိန်တစ်ရှဉ်းရယ်၊ ခနော်ခနဲ့ လှည်းအိုတစ်စီးရယ်၊ လှည်းဝင်ရိုးသံ တအီအီရယ်၊ လှည်းမြီးနောက်က ဖုန်လုံးကြီးရယ်ဟာ အညာရဲ့ သရုပ်သကန်ကို ထင်ဟပ်လွန်းလှပါပေရဲ့။

လှည်းက ခပ်ဝေးဝေးဆီရောက်သွားမှပဲ ပတ်ဝန်းကျင်က ပကတိအတိုင်း ကြည်လင်သွားပြန်တယ်။ သို့ပေသိ သည်အကြည်ဓာတ်သည်လည်း ကြာရှည်မခံပြန်။ တစ်နေကုန်တစ်နေခန်း ရှိန်ရှိန်ထ ကျွက်ကျွက်ဆူအောင်ပူခဲ့တဲ့ ဒေါင်းဖလ်ဝါက အနောက်ဂေါ်ယာကျွန်းဆီဝယ် မေးတင်အစွယ်ကျိုးပြီမို့ မှောင်ရီပျိုးလာခဲ့ပြန်ပြီလေ။ တစ်နေဝင်လို့ တစ်မိုးချုပ်ခဲ့ပြန်ပြီကော။ နေ့တွေဟာ မြန်လွန်းလှချေရဲ့။ တအောင့်နေတော့ ဖိုးဘအိုင်တို့အိမ်ဝိုင်းထဲကို စံထူး ရောက်လာတယ်။ လက်ထဲမှာလည်း ဒန်ချိုင့်လေးတစ်လုံးနဲ့ရယ်။ ဖိုးဘအိုင်က "ဘာတွေများတုံး စံထူးရ" လို့ မေးလိုက်တော့ စံထူးက "အမ(အမေ)က အမဲခြောက်ကြော်လေး ပို့ခိုင်းလို့ပါ အဘရဲ့။ အမေညိမ်းက မီးဖိုထဲမှာလား။ အမေညိမ်းဆီ တစ်ခါတည်း သွားပို့လိုက်တော့မယ်" ဟု ဆိုကာ ဖိုးဘအိုင်ရှိရာ မလာတော့ဘဲ မယ်ညိမ်းပုံရှိရာ မီးဖိုချောင်ဆီ တန်းဝင်သွားတယ်။

"ဟန်ကျလိုက်သမှကွယ်။ အမေညိမ်းက ဟင်းချိုလေးနဲ့ စပ်သီးလေး ထောင်းထားတာကွဲ့။ ခု ရှင်ပုစိန်က အမဲခြောက်ကြော် ပေးလိုက်တော့ ဟင်းစပ်

mgyoe.com

mgyoe.com SAMPLE BOOK

ဖက်လိုက်သမှ။ မင့်အဘ ဖိုးဘအိုင်ကတော့ နှုတ်သီး(နှုတ်ခမ်း)တလုံးလုံး၊ ချွေးတရွှဲရွှဲနဲ့ ခေါင်းမဖော်တမ်း စားလိုက်ဦးမယ့်အမျိုးတော့။ စံထူး. . . လူလေးရော အမေညိမ်းတို့နဲ့ စားသွားစမ်း. . . ”

မယ်ညိမ်းပုံက အမဲခြောက်ကြော်လေးကို လှယ်ရင်း စံထူးကို ထမင်းစားသွားဖို့ ပြောလိုက်တယ်။ ခွင်ပေါ်က မြေအိုးထဲမှာ ဟင်းရည်တွေကတော့ ပွက်ပွက်ဆူလို့။ ဟင်းရည်တွေဟာ ငါးပိအမြှုပ်တွေထပြီး ဘေးဘက်ကို ဝေကျနေပြန်သေးတာ။ ငါးပိနံ့တွေဆိုတာ လှိုင်လှိုင်တက်လို့နေတယ်။ ဟင်းအိုးထဲကို အိမ်ဝိုင်းထဲက ခူးလို့ရထားတဲ့ ဟင်းရွက်တွေကို ပစ်ထည့်လိုက်ပြန်တယ်။ ပြည်ပန်းညိုကလေးလည်းပါရဲ့၊ ဟင်းနုနယ်လေးက တစ်ညွှန့်နှစ်ညွှန့်၊ ကန်စွန်းရိုးလေးက တစ်ရိုးနှစ်ရိုး၊ ခြံစည်းပေါ် နွယ်တက်နေတဲ့ လဲလူညွှန့်ကလေးကလည်း တစ်ညွှန့်တစ်စ။ သောင်းပြောင်းရောပြီး ကျိုလိုက်တော့ ချိုလိုက်တာများ ဘာပြောကောင်းမတုံး။ တအောင့်နေတော့ မြေးအဘိုးမြေးအဘွား သုံးယောက်သား အိမ်ရှေ့ကွပ်ပျစ်ကလေးပေါ်မှာ လက်ဆုံစားလိုက်ကြတော့ ခွေးကျွေးစရာတောင် မကျန်ပေါင်ဆိုတာမျိုးဖြစ်ကရော။ စံထူးလေးက စားသောက်ပြီး ပြန်ချေပြီ။ ဖိုးဘအိုင်ကတော့ ဘုရားဆင်းတုတော်ရှေ့မှာ ဩကာသအစမှ အမျှဝေမှုအဆုံးထိ ဌာန်ကရိုဏ်းကျကျ ရွတ်ဖတ်ပူဇော်လျက်ရှိတယ်။ မယ်ညိမ်းပုံကတော့ အိပ်ရာထဲ ခွေနေလေပြီ။ အတွေးစတွေကတော့ တောင်တောင်အီအီပေ့ါလေ။ စုစည်းမိလိုက်၊ လွင့်ပျံ့သွားလိုက်နဲ့ပါပဲ။ မယ်ညိမ်းပုံအဖို့တော့ ဒီညသည်လည်း ယခင်ညများနည်းတူ အိပ်တစ်ဝက် နိုးတစ်ဝက်နဲ့ပဲ ကုန်လွန်ရဦးမှာပါလေ။

❑

“ဆရာတော်ဘုရား။ တပည့်တော်မ ပြန်ဦးမယ်ဘုရား။ လိုတာရှိရင်လည်း ကပ္ပိယကြီးနဲ့မှာလိုက်ပါ့ဘုရား”

မယ်ညိမ်းပုံ ဆရာတော်ကြီးကို ဦးချပြီး ပြန်ဖို့ဟန်ပြင်လိုက်တယ်။ ဆရာတော်ကြီးကတော့ ကိုယ့်ကျန်းမာရေးကိုယ် ဂရုစိုက်ဖို့သာ မိန့်ရှာပါတယ်။ အခုရက်ပိုင်း ဆရာတော်ကြီး မမာဘူးဆိုတာနဲ့ မယ်ညိမ်းပုံကျောင်းဘက်ကို လျှောက်လာခဲ့တာပါ။ ကျောင်းရောက်တော့လည်း ပန်းကန်ခွက်ယောက်ဆေးလိုက်၊ သက်န်းလေးလျှော်လိုက်၊ ဘုရားပန်းတော်လဲလိုက်နဲ့ ရတနာသုံးပါးဝတ်ကို ပြုခွင့်ရတာပေ့ါလေ။

အာရုံခံတိုက်ထဲကဖုန်တွေကို တံမြက်စည်းလှည်းရင်း သားပဥ္စင်းကို

mgyoe.com

mgyoe.com SAMPLE BOOK

အောက်မေ့မိပြန်တော့ မျက်ရည်ဝဲရပြန်တယ်။ ဝဲတက်လာတဲ့ မျက်ရည်တွေကို လက်ခုံကြမ်းနဲ့ သုတ်ပစ်ရင်း "ငါ့နှယ် ခက်လိုက်တာနော်" လို့သာ ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရစွာ တွေးမိပြန်ရဲ့။ ဆရာတော်ရှေ့မှာ ကပ္ပိယကြီးကိုဘမော်က မယ်ညိမ်းပုံကို ဦးဇင်းပညိန္ဒအကြောင်းမေးတော့၊ မေးရကောင်းလားရယ်လို့ ဆရာတော်ကြီးက ကပ္ပိယကြီးကို ဆူချေသေးရဲ့။ အန္တေဝါသိကတပည့်ရင်ကြီးက ဖောက်ပြန်အားရဲ့လို့များ ဆရာတော်ကြီးက စိတ်အနာကြီး နာနေလေတော့သလား။ သည်လိုတော့လည်း ဟုတ်ဟန်မတူ။ ဆရာတော်ကြီးက အင်မတန်မှ သီလသမာဓိ ပြည့်ဝလွန်းတာမို့ ဒေါသကို မွေးမြူမှာမဟုတ်မှန်း မယ်ညိမ်းပုံသိပါရဲ့လေ။ ဒါဆိုရင် မယ်ညိမ်းပုံရဲ့ဝေဒနာတွေ အသစ်ဖြစ်မှာစိုးဟန်တူပါရဲ့။

မယ်ညိမ်းပုံ ဆရာတော်ကြီးကို ဦးချပြီး ပြန်လာခဲ့တော့တယ်။ နေရောင်တောင် အတန်ငယ် ကျနေပြီလေ။ အိမ်ရောက်တော့ ချက်ခန်းပြုတ်ခန်းလေးက ဝင်ရဦးမှာ မဟုတ်လား။ လင်ကိုယ်မယားနှစ်ယောက်နဲ့ စလယ်ဝင်အိုးလေးဆိုပေသိ၊ ဖိုးဘအိုင်ရော မယ်ညိမ်းပုံရောက ပူပူနွေးနွေးသာ စားချင်ကြတာမို့ နေ့စာနေ့ ညစာညပဲ ချက်စားဖြစ်ကြတာလေ။ တခြားအလုပ်ရယ်လို့လည်း မယ်မယ်ရရ မရှိလေတော့ အချက်အပြုတ်လောက်က မယ်ညိမ်းပုံအတွက် ဝန်ကြီးလှတာမှ မဟုတ်ဘဲကိုး။

"ဒေါ်ကြီး. . . အိမ်ဝင်သွားဦးလေတော်။ ကိုယ့်တူမအိမ်ပဲ ဝင်ကောင်းပါတယ်"

မပုစိန်အိမ်နားရောက်တော့ မပုစိန်က မယ်ညိမ်းပုံကို အိမ်ထဲကနေ လှမ်းအော်တယ်။ လက်ထဲမှာက နွားစာခြင်းတောင်းကြီးကို ကိုင်လျက်သား။ နွားကျွေးနေပုံပေါ်ပါရဲ့။

"ဝင်တော့ပါဘူးအေ။ အိမ်မှာကလည်း ညည့်ဘကြီးပဲ ကျန်ခဲ့တာအေ့။ ခုတောင် ကြာလှချေရဲ့ဆိုပြီး လည်ချောင်း ပဒေါင်းလိုက်နေရော့မယ်။ အချိန်မီစားရအောင်ကလည်း ချက်ရဦးမှာအေ့"

မယ်ညိမ်းပုံက လမ်းစပ်မှာ ခဏရပ်ပြီး မပုစိန်ကို စကားပြန်လိုက်တယ်။ အိမ်ဝိုင်းထဲထိတော့ ဝင်မနေတော့ပါဘူး။

"အမလေး ဒေါ်ကြီးရယ်။ ငပိဖြစ်မှတော့ အမြီးနန့်ချင် မနေပါနဲ့တော့တော်။ အသက်တွေကဖြင့် ကြီးလှပေါ့ဟာကို။ အခုအချိန်ထိ မျက်စိအောက်က အပျောက်မခံနိုင်ကြသေးဘူးလား"

mgyoe.com

mgyoe.com SAMPLE BOOK

မပုစိန်က အသက်ကြီးခါမှ အကဲပိုရန်ကောဆိုတဲ့သဘောနဲ့ မယ်ညိမ်းပုံကို မခံချိမခံသာဖြစ်အောင် လှမ်းဆွတော့ မယ်ညိမ်းပုံ စိတ်ဆိုးချေပြီ။

"ဟဲ့. . . ဂန်းတာမရဲ့။ ညည်းဟာညည်း ငပိဖြစ်မှ အမြီးနန့်တယ်ပဲ ပြောပြော၊ ဆီမီးခွက်က မီးထတောက်တယ်ပဲဆိုဆို။ ငါက အရေးလုပ်စရာလား အေ့။ လူကြီးသူမကိုများ မလျော်မကန်နဲ့။ တယ်လည်း ကြီးပွားဦးမယ့်မိန်းမ"

မယ်ညိမ်းပုံက ဆတ်ဆတ်ထိမခံတော့ မပုစိန်က ခွက်ထိုးခွက်လန် ရယ်လိုက်တာများလေ။ ပြီးမှ "ကျုပ်က တမင်စတာပါ ဒေါ်ကြီးရယ်" လို့ ပြန်ဖြန်ဖြေရတယ်။ လက်ထဲက နွားစာတောင်းကြီးကို ပစ်ချရင်း အိမ်ဘက် ခပ်သုတ်သုတ်သွားပြီး ကြက်ဥငါးလုံး ယူလိုက်တယ်။

"ကိုင်း. . . ဒေါ်ကြီးရေ၊ အိမ်မဝင်မယ့်အတူဆိုရင်လည်း ပြန်ပြန်။ ရော့ ဒီကြက်ဥ ငါးလုံးတော့ယူသွားဦး။ ဒါ လိုက်ဥအစစ်တွေရယ်. . ."

မပုစိန်က မြုံထဲကနေ လောလောလတ်လတ် နှိုက်ယူထားတဲ့ ကြက်ဥလေးတွေကို အိတ်နဲ့ထုတ်ပြီး ခြံစည်းအပေါ်ကနေ ကျော်ပေးလိုက်တယ်။ ဒီကြက်ဥတွေက စံထူးရဲ့ကြက်မက ဥတဲ့ ကြက်ဥတွေပေါ့။ မြို့ပေါ်ကလာတဲ့ ဓာတ်ဥဆိုလား၊ ဖောက်ဥဆိုလား အဲဒီဥတွေလောက်တော့ မကြီးပေမယ့်၊ အာနိသင်ကျ တောကြက်ဥလေးတွေကမှ ပြည့်တာမဟုတ်လား။

မယ်ညိမ်းပုံက မပုစိန်ပေးတဲ့ ကြက်ဥထုပ်ကလေးကို လှမ်းယူလိုက်ပြီး-

"ကိုင်း ဒါဖြင့်လည်း ပြန်ပြီအေ့"

ဆိုကာ မယ်ညိမ်းပုံ လှည့်ထွက်လာခဲ့တယ်။ ဒီလိုပါပဲ။ ရပ်သဘာဝ ရွာသဘာဝ၊ ရပ်ထုံးစံ ရွာထုံးစံဆိုတာ ရှိတာကို မျှတတ်ကြတာပဲလေ။ ကိုယ်က ဆီတစ်ဇွန်း ဆားတစ်ဇွန်းလိုတော့ သူ့ဆီကယူ၊ သူက ငပိတစ်ခါချက် ငရုတ်တစ်ခါ စား လိုပြန်တော့ ကိုယ့်အိမ်ကပေး။ ဒီလိုနဲ့ပဲ လည်ပတ်ကြရတာကိုး။ ဟင်းကောင်းများ မမက်လို့ကတော့ ဘယ်သူ့ယာခင်းထဲ ဝင်ဆွတ်ဆွတ်၊ ဘယ်သူ့စည်းခရိုး ဝင်ခူးခူး တစ်နပ်တော့ ပြေလည်ကြရတာချည်း။ အဖိုးနည်း အိုးကွဲပေါ့လေ။ အဓိကက အူမတောင့်ဖို့ မဟုတ်လား။ ဒါပေသိ အရပ်က မယ်ညိမ်းပုံတို့ကိုတော့ သဒ္ဓါကို သဒ္ဓါကြတာပါ။ ဒါသည်ပင်လျှင် အိုကံလေး မဆိုးရှာဘူးဟဲ့လို့ အောက်မေ့နေရတာ မဟုတ်လား။

❑

မိုးဖျောက်ဖျောက်လေးကြောင့် အိမ်ရှေ့တလင်းမှာ ဖြန့်ထားတဲ့ ပွေးကိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

ခြောက်တွေကို တံမြက်စည်းတစ်ချောင်းနဲ့ မယ်ညိမ်းပုံ အမြန်စုလိုက်တယ်။ မိုးမိလို့ မှိုစွဲမှ ခက်ရချည့်မဟုတ်လား။ ခေါင်းပေါ်မှာတော့ ပုဆိုးဟောင်းလေးကို တင်ထား ရတယ်။ ရာသီက ပူလိုက်အေးလိုက်မို့ ဖျားတတ်နာတတ်ရဲ့။

"အမေ"

နောက်ဘက်က အသံကြောင့် မယ်ညိမ်းပုံရဲ့ခန္ဓာကိုယ်လေးဟာ တုန်ခနဲ ဖြစ်သွားတယ်။ ဒီအသံ ဒီအသံ။ မယ်ညိမ်းပုံ ကျွမ်းကျွမ်းဝင်ဝင်ကြီးကို သိနေတဲ့ အသံပေါ့။ အခါတိုင်းခေါ်နေကျ ဒကာမကြီးဆိုတဲ့ခေါ်သံနဲ့တော့ ကွာတာပေါ့ လေ။ မယ်ညိမ်းပုံ ဖျတ်ခနဲ လှည့်လိုက်မိတယ်။

"ဦးဇင်း"

ပေါက်စက မယ်ညိမ်းပုံရဲ့ခန္ဓာကိုယ်လေးကို ဆွဲဖက်လိုက်တယ်။ နှစ်ဦး သားရဲ့ရင်တွင်းမှာတော့ တုန်ယင်ဆို့နင့်နေကြလို့ပေါ့။ မယ်ညိမ်းပုံဟာ ရှိုက်နေလိုက် တာများလေ။ တသိမ့်သိမ့်ပါပဲ။ အနှစ်နှစ်အလလက တမ်းတခဲ့ရတဲ့ သည်ရုပ်ပုံလွှာ က အခုတော့ မယ်ညိမ်းပုံထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ရပါပကော။

"ဦးဇင်း နေနိုင်လိုက်တာ ဦးဇင်းရယ်။ တပည့်တော်စိတ်ထဲ နေ့တိုင်း ဦးဇင်းပုံရိပ်ချည်းပဲဘုရား။ တစ်နေ့လာနိုး တစ်နေ့လာနိုးနဲ့ မျှော်ကိုးလိုက်ရတာများ ဦးဇင်းရယ်။ နေ့တိုင်း တပည့်တော်မရဲ့ခန္ဓာကိုယ်ကြီးကသာ လှုပ်ရှားနေပေမယ့် ဦးဇင်းထွက်သွားတဲ့နေ့ကတည်းက အသက်မဲ့နေခဲ့တာကို ဦးဇင်းကတော့ ဘယ်သိ လိမ့်မတုံး. . . "

မယ်ညိမ်းပုံ ပြောရင်း ရှိုက်ရင်း ငိုတယ်။ ဖိုးဘအိုင်ကတော့ ကွပ်ပျစ် ပေါ်ကနေ သားအမိနှစ်ယောက်ကို ဆွေးဆွေးမြည့်မြည့်ကြီး ကြည့်နေရှာတယ်။ မယ်ညိမ်းပုံ သားဖြစ်သူကို ကွပ်ပျစ်ဆီ ခေါ်လာတယ်။ ဆံဖျားအစ ခြေဖျားအဆုံး ကြည့်လို့ပင် မဆုံးတော့ပြီ။ ကြည့်စမ်းပါဦး။ ပဥ္စင်းဘဝက ဖန်ရည်ဆွတ် သင်္ကန်း အောက်က အသားအရေလေးဟာ ဝင်းဖန့်ရှင်းသန့်ခဲ့သလောက်၊ ခုများတော့ နီကျင် ညိုမွဲနေရှာပြီ။ တစ်ချိန်က ဦးပြည်းကတုံးထက်မှာ ယခုတော့ ဆံခြည်တွေက နေရာယူထားပြန်ရဲ့။ ဟိုတုန်းက ရဟန်းဘဝနဲ့ ဘယ်လောက်များ ကွာခြားလိုက် သတုံး။ အမေ ဘယ်လိုတောင် ဖြေဆည်ရပ့ါ ငါ့သားရယ်။ ဘဝတွေက အဲသလောက် တောင် ကြမ်းတမ်းခဲ့သလား။

"လူလေး မိညက်တို့ရော ဘယ်မတုံး။ ခေါ်ခဲ့ရော့ပေါ့"

ဖိုးဘအိုင်ကမေးတော့ ပေါက်စက အိမ်ဝိုင်းအဝင် စည်းခရိုးနားဆီ လှမ်း

mgyoe.com